# ကြေးမုံ

၁၉၅၇ ဇွေ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


**ယောကျ်ားအာဇာနည်**

ယောကျ်ားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ့၏။ ထိုယောကျ်ားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောကျ်ားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 19 July 2024 ၁၁၅၂




ကြေးမုံ

# အာဇာနည်ခေါင်းဆောင်များကို ဂုဏ်ပြု နိုင်ငံတိုးတက်ရေး ဆက်လက်ကြိုးပမ်း

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်(ယနေ့)သည် (၇၇)နှစ်မြောက် အာဇာနည်နေ့ ဖြစ်သည်။ (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို နိုင်ငံတော်က ချမှတ်ပေးထားသည့် အစီအစဉ်များနှင့်အညီ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနေပြီဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို မမေ့မလျော့ အောက်မေ့သတိရ ဂုဏ်ပြုဦးညွှတ် အလေးပြုခြင်းနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျှော်မှန်းချက်၊ လမ်းညွှန်ချက်များနှင့်အညီ ကျေးဇူးဆပ်ကြရမည် ဖြစ်သည်။

ကျွန်ုပ်တို့၏ ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အသက်ပေးသွားကြသော အာဇာနည်ကြီးများ၏ ဂုဏ်ကျေးဇူးနှင့် အာဇာနည်ကြီးများ လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း ကျွန်ုပ်တို့နိုင်ငံတော်ကြီး၏ လွတ်လပ်ရေးအခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေမပျက်ပြားစေရေး၊ နိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောရေး တို့အတွက် မမေ့မလျော့ မပေါ့မဆ၊ သစ္စာရှိရှိ တာဝန်သိသိ၊ အားမာန်အပြည့်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းတစ်ပါးလက်အောက်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် အမျိုးမျိုးအဖုံဖုံ နှိပ်စက်ညှဉ်းပန်းမှု၊ ခေါင်းပုံဖြတ်မှုများကို ထိုခေတ်ကာလက ပြည်သူများ ကြုံတွေ့ခံစားခဲ့ကြရသည်။ ဤခါးသီးသော အတွေ့အကြုံများကြောင့် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အရင်းရှင်နယ်ချဲ့နှင့် ဖက်ဆစ်တို့ကို တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ အသက်၊ သွေး၊ ချွေးတို့ပေးဆပ်ပြီး နည်းလမ်းအဖုံဖုံဖြင့် ခုခံတွန်းလှန်ခဲ့ကြသည်။

တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်အံ့ဆဲဆဲကာလတွင်ပင် နယ်ချဲ့လက်ပါးစေ လူမဆန်သောသူတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ပေးဆပ်ခဲ့ရရှာသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်၊ သွေးတို့ဖြင့် ရင်းနှီးရယူပေးခဲ့သော လွတ်လပ်ရေး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လမ်းညွှန်ချမှတ်ပေးခဲ့သော နိုင်ငံတော် သာယာဝပြောရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်က ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျှော်မှန်းချက်နှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းအဆင့်ဆင့် အကောင်အထည်ဖော်လျက်ရှိရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများရရှိခဲ့ပြီး ကျန်ရှိသောလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မိန့်ကြားခဲ့သော တိုင်းပြည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့မှသာ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကို မမေ့ရာရောက်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သစ္စာစောင့်သိရာ၊ ကျေးဇူးဆပ်ရာ ရောက်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးလမ်းစဉ်ကို ဆက်လက်အမွေခံယူပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်၊ အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များ မျှော်မှန်းသတ်မှတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ပမှ နှောင့်ယှက်ဟန့်တားမှုများ၊ ပြည်တွင်းမှ အဖျက်လုပ်ရပ်များကြောင့် နှောင့်နှေးကြန့်ကြာ အဟန့်အတားဖြစ်နေသည်ကို အားလုံးကြုံတွေ့နေကြရသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မိန့်ကြားခဲ့သော "တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေလုပ်တဲ့အခါမှာ တိုင်းသူပြည်သား လူထုနှင့်ချီပြီးတော့ လုပ်ငန်းကိုလုပ်မှ အောင်မြင်လိမ့်မယ်"ဟူသည့် လမ်းညွှန်မိန့်ကြားချက်နှင့်အညီ တိုင်းပြည်တည်ဆောက်ရေးတွင်ဖြစ်စေ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင်ဖြစ်စေ၊ တိုင်းပြည်ကာကွယ်ရေးတွင်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက အားတက်သရော လက်တွဲပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၇၇)နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်ရာ အာဇာနည်ခေါင်းဆောင်ကြီးများကို မမေ့မလျော့သောအားဖြင့်၊ ဂုဏ်ပြုကျေးဇူးဆပ်သောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်း နိုင်ငံတော်အခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးကို သစ္စာရှိရှိ၊ တာဝန်သိသိ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း။ ။

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာ(စံပြကျေးရွာ)ဖြစ်ထွန်းလာစေရေး အသိပညာပေး

ပုသိမ် ဇူလိုင် ၁၈

ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာ(စံပြကျေးရွာ) ဖြစ်ထွန်းလာစေရေး အသိပညာပေးဟောပြောပွဲကို ငပုတောမြို့နယ် ရေကျော်အောက်ကျေးရွာ မဟာဓမ္မိကာရာမ ပိဋကတ်ကျောင်းတိုက်၌ ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ဝေက ရေကျော်အောက်ကျေးရွာသည် ၂၀၂၅ ခုနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာ (စံပြကျေးရွာ)ဆု ဝင်ရောက်ယှဉ်ပြိုင်ထားသည့်ကျေးရွာဖြစ်သဖြင့် စံပြကျေးရွာတွင် ရှိရမည့် သတ်မှတ်စံချိန်စံညွှန်းများ အကြောင်း သိမှတ်ဖွယ်ရာများနှင့် ကျေးရွာ သန့်ရှင်း သာယာလှပစေရေးအတွက် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် တက်ရောက်လာကြသည့် ရွာသူရွာသားများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျေးရွာတွင်ထားရှိရန်အတွက် အမှိုက်ပုံးများ ပေးအပ်လှူဒါန်းခဲ့ပြီး ပလတ်စတစ်ညစ်ညမ်းမှုအကြောင်း သိကောင်းစရာများ အသိပညာပေး လက်ကမ်းစာစောင် ၅၀ ကို ကျေးရွာပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေကြည်မြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

ပုသိမ် ဇူလိုင် ၁၈

ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ယိုးဒယားတက်ကျေးရွာ ဟံသာသီရိတန်ဆောင်းတွင် ဇူလိုင် ၁၆ ရက်က စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စီမံကိန်းသင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့သည်။

အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်သည့် စက်ချုပ်နည်းပညာသင်တန်း(အခြေခံ)ကို သင်တန်းသူ ၁၀ ဦးဖြင့် သင်တန်းကာလ ရက် ၃၀ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ ဂျီအီးစီ(ပညာရေး) သမဝါယမ အသင်းလီမိတက်အစည်းအဝေး ကျင်းပ

တိုက်ကြီး ဇူလိုင် ၁၈

တိုက်ကြီးမြို့နယ်တွင် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(တိုက်ကြီး) အနော်ရထာခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် သဘာပတိဖြစ်သူ ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အသင်းအလုပ်အမှုဆောင်အဖွဲ့၏အစီအရင်ခံစာနှင့် အသင်းစာရင်းစစ်အစီရင်ခံစာတို့ကို အမှုဆောင် ဦးစန်းလွင်က ဖတ်ကြား၍ အသင်းသားများ၏ အတည်ပြုချက်ကိုရယူခဲ့ပြီး အသင်းသား ၁၉၂၁ ဦး၏ အကျိုးခွဲဝေစုတန်ဖိုးငွေကျပ် ၁၇၂၈၉၀၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၈

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၉,၀၀၀ | ၁၇၃ | ၁,၅၅၁,၅၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၁၁၃ | ၃၈၉,၈၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၂,၁၃၈ | ၃,၅၂၉,၆၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃၉၀ | ၁,၀၅၅,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၇၆၉ | ၁,၂၆၈,၈၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |
| MAEX | ၃,၇၅၀ | ၃,၇၅၀ | ၃,၀၅၈ | ၁၁,၃၄၁,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယာယီသမ္မတဦးမြင့်ဆွေ ဆေးခွင့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူ

**နေပြည်တော် ဇူလိုင် ၁၈**

ယာယီသမ္မတဦးမြင့်ဆွေသည် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လှုပ်ရှားရာတွင် တုံ့နှေးခြင်းနှင့် အစားအသောက်နည်းခြင်းတို့ကိုစတင်ခံစားခဲ့ရသည့်အတွက် အထူးကုပါရဂူကြီးများပါဝင်သော ဆေးကုသမှုအဖွဲ့ဖြင့် ပုံမှန်ဆေးကုသမှုခံယူခဲ့ပါသည်။ ကျန်းမာရေးစစ်ဆေးစမ်းသပ်ချက်များအရ အာရုံကြောများ နှေးကွေးတုံ့ဆိုင်းသည့်ရောဂါ၊ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်သော အာရုံကြောအားနည်းရောဂါတို့အား ခံစားနေရသည်ကို တွေ့ရှိရသည့်အတွက် ၁၅-၄-၂၀၂၄ ရက်မှ ၁၉-၄-၂၀၂၄ ရက်အထိ စင်ကာပူနိုင်ငံ Mount Elizabeth Medical Centre တွင် ဦးနှောက်နှင့် အာရုံကြောပိုင်းဆိုင်ရာ စစ်ဆေးကုသမှုများခံယူခဲ့ပြီး ၂၇-၅-၂၀၂၄ ရက်မှ ၁၈-၆-၂၀၂၄ ရက်အထိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ဆေးကုသမှုခံယူခဲ့ပါသည်။

ယင်းကာလအတွင်း ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဝဲ၊ ယာ မျက်စိများတွင် ဖြစ်ပွားလျက်ရှိသော အတွင်းတိမ်များကို ခွဲစိတ်ကုသခဲ့ရာ အမြင်အာရုံပြန်လည်ကောင်းမွန်လာခဲ့သော်လည်း အာရုံကြောအားနည်းရောဂါကို ဆက်လက်ခံစားနေရသဖြင့် ၁၈-၆-၂၀၂၄ ရက်မှ ၃၀-၇-၂၀၂၄ ရက်အထိ ဆေးခွင့်ယူ၍ နေအိမ်တွင် အထူးဆေးကုသမှုအဖွဲ့၏ အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိပါသည်။ ၃၀-၆-၂၀၂၄ ရက်နှင့် ၁၄-၇-၂၀၂၄ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ရှစ်ဦးပါဝင်သော အထူးဆေးကုသမှုအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးမှုကို ပြုလုပ်ခဲ့ရာ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိသေးဘဲ အစားအသောက်စားသုံးခြင်းအပါအဝင် နေ့စဉ်ပုံမှန်သွားလာ လှုပ်ရှားမှုကို လုပ်ဆောင်နိုင်မှုမရှိသေးသောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံဆောင်ရွက်ပေးမှုဖြင့် အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မော်ကွန်းရုပ်ရှင်ရုံးခွဲအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာလမ်းရှိ ယခင် မော်ကွန်းရုပ်ရှင် ရုံးခွဲ အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှုကို သွားရောက်ကြည့်ရှု၍ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားသည်။



ဦးစွာ မော်ကွန်းရုပ်ရှင်ရုံးခွဲ အဆောက်အအုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက မော်ကွန်းရုပ်ရှင်ရုံးခွဲ၏ တည်နေရာ အနေအထားနှင့် မြေပိုင်ဆိုင်မှုအခြေအနေ၊ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် လျာထားသည့် အခြေအနေနှင့် အဆောက်အအုံကြီးကို ရှေးမူရှေးဟန်မပျက် ပြင်ဆင်ထိန်းသိမ်းလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအဆောက်အအုံသည် နှစ်ပေါင်း ၁၀၀ ခန့် သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံကြီးဖြစ်သဖြင့် တန်ဖိုးထားထိန်းသိမ်းရန် လိုအပ်မှု၊ အနာဂတ်ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်မှု၊ နိုင်ငံတော်အစိုးရက ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုတို့ကို ဆွေးနွေးမှာကြားကာ အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မော်ကွန်းရုပ်ရှင်ရုံးခွဲအဆောက်အအုံသည် ၁၉၂၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် အဆောက်အအုံဖြစ်ပြီး ယခင်က မော်ကွန်းရုပ်ရှင်ကားများ ရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လုပ်ခြင်း၊ ရုပ်ရှင်ဇာတ်ကားများ ဆင်ဆာကြည့်ရှုခြင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နိုင်ရေးအတွက် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အဆောက်အအုံဖြစ်သည်။ ယခုအခါ ယင်းအဆောက်အအုံကို စနစ်တကျ ပြင်ဆင်ထိန်းသိမ်း၍ ရုပ်ရှင်ဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့နယ် ဝမ်လုံကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန် ပေးအပ်

**လွိုင်လင် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ ပင်လုံအရှေ့ကျေးရွာအုပ်စု ဝမ်လုံကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလျိုင်က ကျေးရွာမြေငှားဂရန် ထုတ်ပေးရခြင်းကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာမြေငှားဂရန်များအား ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူများအား တစ်ဦးခြင်းလက်ဝယ်အရောက် ပေးအပ်ကြသည်။

အဆိုပါ ဝမ်လုံကျေးရွာမြေငှားဂရန်ပေးအပ်ခြင်းတွင် အိမ်ထောင်စု ၇၅ စုအတွက် မြေငှားဂရန် ၇၅ စောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွိုင်လင်မိုး**



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်



**လင်းခေး ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် သစ်တောဦးစီးဌာနနှင့် ပြည်သူလူထုပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးမှုလက်တွေ့သရုပ်ပြခြင်းကို ယနေ့နံနက် ၉ နာရီက လင်းခေးမြို့ပန်ဝေါင်အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က သစ်တောနှင့် ရာသီဥတုပြောင်းလဲမှုသိကောင်းစရာများအကြောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးနိုင်က ဇီဝမျိုးစုံမျိုးကွဲများ၊ ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောသစ်ပင်များ၏အကျိုးကျေးဇူးသိကောင်းစရာများအကြောင်းကို အသိပညာပေးဟောပြောခဲ့သည်။

**လက်တွေ့သရုပ်ပြ**

ဆက်လက်၍ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတို့က ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ကျောင်းကော်မတီဝင်များ စုစုပေါင်း ၁၄၄ ဦးတို့အား သစ်ပင်စိုက်ပျိုးခြင်းကို လက်တွေ့သရုပ်ပြပေးခဲ့ကြသည်။

ထို့နောက် ကျောင်းပရဝဏ်အတွင်း၌ ကျွန်းပင် ၅၀၊ စိန်ပန်းပင် ၅၀၊ စိန်တံချူ ၂၅ ပင်၊ ရေတမာ ၂၅ ပင်၊ ခရေပင် ၅၀ နှင့် မဲဇလီပင် ၅၀ စုစုပေါင်းသစ်ပင် ၂၅၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ ကျောဖုံးမှ

မြန်မာအစိုးရက ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ပြည်တွင်းခရီးသွားလာခွင့်နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေခွင့်တို့ကို လုံခြုံရေးအခြေအနေအပေါ် မူတည်၍ အတတ်နိုင်ဆုံးခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် အများပြည်သူ၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ လူမဆန်သောတိုက်ခိုက်မှုများကြောင့် ယခုအချိန်အထိ အပြစ်မဲ့ပြည်သူပေါင်း ၇၈၈၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ အဆိုပါ ပူးတွဲသတင်းထုတ်ပြန်ချက်သည် ယင်းအကြမ်းဖက်မှုလုပ်ရပ်များကို မျက်ကွယ်ပြုထားသည်ကို တွေ့ရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို ၂၆၆၉ တွင် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးသွတ်သွင်းမှုများစွာ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ အခြေခံမူဝါဒရပ်တည်ချက်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြေပြင်အခြေအနေမှန်နှင့် ဖြစ်ရပ်မှန်အချက်အလက်များကို ထင်ဟပ်ဖော်ပြခြင်းမရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်များနှင့် သတင်းမှားများကို အခြေခံပြီး နိုင်ငံရေးသဘောသက်ရောက်စေသည့် ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်အပေါ် ပြင်းထန်စွာကန့်ကွက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ် ရွှေဝါထွန်း(၂) သမဝါယမအသင်းနှင့် ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း စိုက်ပျိုးထုတ်လုပ်နေမှုများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာသို့ သွားရောက်ပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းနှင့် ရိမ်းဘိုးသမဝါယမအသင်းတို့မှ အသင်းသားတောင်သူများ၊ မြန်မာ Uni Seimer ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံရာ မြန်မာ Uni Seimer ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရွှေဝါထွန်း (၂) သမဝါယမအသင်းနှင့် မြန်မာ Uni Seimer ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းစိုက်ပျိုးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သီးနှံစိုက်ပျိုးရာတွင် လိုက်နာရမည့် မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့် စိုက်နည်းစနစ်လေးမျိုးကို မှန်ကန်စွာ အသုံးပြုဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အရည်အသွေးမှန်ကန်သောမျိုးနှင့် ဈေးနှုန်းသက်သာပြီး သွင်းအားစု ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို တောင်သူများ လက်ဝယ်စိုက်ပျိုးချိန်အမီရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သမဝါယမအသင်းသားများအနေဖြင့် မိမိတို့၏စိုက်ပျိုးမြေအရည်အသွေး၊ အမျိုးအစား၊ မြေပြင်အခြေအနေတို့ကို သိရှိအောင် ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမယ်စုံစိုက်ပျိုးနေမည့်အစား မြေနှင့်ကိုက်ညီသော၊ အထွက်နှုန်းမြင့်မားသော၊ စီးပွားဖြစ်မည့် အဓိကသီးနှံများကို သာရွေးချယ်စိုက်ပျိုးစေလိုကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက်လည်း ကြိုတင်အစီအမံများ ရေးဆွဲစီစဉ်ထားစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဝါထွန်း (၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းနှင့် ရိမ်းဘိုးသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းစိုက်ပျိုးခဲ့သော နွေစပါးဧက ၂၀ ရိတ်သိမ်းခြွေလှေ့မည့်အခြေအနေ၊ ဝါများ စိုက်ပျိုးထားမှုနှင့် အခြားသီးနှံများစိုက်ပျိုးနိုင်ရေး မြေယာပြုပြင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သီးနှံများ အလေအလွင့်မရှိစေရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းရေး၊ အမိုးအကာအောက်သို့ အချိန်မီရောက်ရှိရေး မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စင်ကာပူမြို့ မြန်မာသံရုံးတွင် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း ဒုတိယအကြိမ် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၁၈**

စင်ကာပူမြို့ မြန်မာသံရုံးက အထူးအစီအစဉ်ဖြင့် သက်တမ်းတိုးရန် စာရင်းပေးသွင်းထားပြီး ကျန်ရှိနေသူများကို ဇူလိုင် ၂၁ ရက်တွင် ဒုတိယအကြိမ်အထူးအစီအစဉ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ သက်တမ်းတိုးရန်စာရင်းပေးထားပြီး ကျန်ရှိနေသူ ၂၀၀ ခန့်ရှိနေ၍ အဆိုပါအမည်စာရင်းတွင် ပါဝင်သူများအနေဖြင့် လိုအပ်သောစာရွက်စာတမ်းများ ပြည့်စုံစွာယူဆောင်၍ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် မြန်မာသံရုံးသို့ လာရောက်၍ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးနိုင်ရေး အသိပေးကြေညာထားသည်။

ဒုတိယအကြိမ်အထူးအစီအစဉ်ဖြင့် သက်တမ်းတိုးခွင့်ရသည့် နိုင်ငံကူးလက်မှတ်များကို ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက် (မွန်းလွဲ ၁ နာရီမှ ၃ နာရီ) တွင် မြန်မာသံရုံး၌ ပြန်လည်ထုတ်ပေးသွားမည်ဟု သိရသည်။

အထူးအစီအစဉ်တွင် ပါဝင်ခွင့်မရသည့်တိုင် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးဆောင်ရွက်လိုသူများသည် မြန်မာသံရုံး၏ WhatsApp နံပါတ် +၆၅ ၈၂၄၆၈၅၈၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် ပုံမှန်ရုံးဖွင့်ရက်များအတွင်း သက်တမ်းတိုးခွင့်ရရှိသူများ၏ အမည်စာရင်းကို အပတ်စဉ်သောကြာနေ့ သံရုံးဝဘ်ဆိုက် http://www.myanmarembassy.sg ၌ ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

မြန်မာသံရုံးအနေဖြင့် မည်သည့်ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့ကိုမျှ ဝန်ဆောင်မှုဆောင်ရွက်ခွင့် ပေးထားခြင်းမရှိပါကြောင်း၊ မြန်မာသံရုံးအမည်ဖြင့် Facebook Messenger၊ Instagram စသည့်လူမှုကွန်ရက်များဖြင့် online appointment ဝန်ဆောင်ခရယူဆောင်ရွက်ပေးခြင်း မရှိပါကြောင်း၊ မြန်မာနိုင်ငံသားများထံမှ အခကြေးငွေရယူ၍ online appointment ဆောင်ရွက်နေသူများအား အထူးသတိပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**



# သထုံမြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေး ဟောပြော

**သထုံ ဇူလိုင် ၁၈**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို ယမန်နေ့နံနက်ပိုင်းက သထုံမြို့ ဘင်လှိုင် အခြေခံပညာမူလတန်းကျောင်းနှင့် ညောင်ဝိုင်းအခြေခံပညာမူလတန်းကျောင်းတို့၌ ဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးဟောပြောရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အာဇာနည်နေ့ ဖြစ်ပေါ်လာသည့် သမိုင်းကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးတို့၏ အတ္ထုပ္ပတ္တိနှင့် စွမ်းဆောင်မှုများ၊ အာဇာနည်တို့၏ စိတ်ဓာတ်နှင့် စွမ်းရည်များ၊ ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားရေးအတွက် ကျောင်းပြင်ပစာပေများ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုစေကာ စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# လင်းခေးမြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**လင်းခေး ဇူလိုင် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင် ဦးစီးသောအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီက လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ရဲတပ်ဖွဲ့**

# ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှုရှိသည့်ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်နှစ်အုပ်၊ ပုံနှိပ်ဆဲခြောက်အုပ်၊ စာသားများစစ်ဆေးဆဲ ၁၇ အုပ်၊ စာမူပြုစုဆဲ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန်ကျမ်းစာအုပ်၂၀အုပ် ရှိပါသည်။

၂။ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ -၃၄၀၆၂၇၆၊ ၀၉- ၄၂၀၇၀၁၃၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇-၃၄၀၆၂၃၂၊ ၀၉- ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဖုန်း-၀၁-၈၆၆၁၂၇၅၊ ၀၉- ၄၀၂ ၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဖုန်း- ၀၂ -၄၀၆၁၁၁၂၊ ၀၉-၄၂၁ ၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁-၆၅၁၂၀၉၊ ၀၉ -၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ -၄၀၃၆၃၁၂၊ ၀၉- ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေး တက်ရောက်





**နေပြည်တော် ဇူလိုင် ၁၈**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုဆောင်ရွက်ပေးနိုင်ရန် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားနိုင်သည့် PR အမျိုးအစားလေးမျိုးရှိပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှစ၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်အထိ မိသားစုအပါအဝင် လျှောက်ထားသူ စုစုပေါင်း ၇၅၁ ဦး ရှိပြီဖြစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ အတည်ပြုခွင့်ပြုပေးခဲ့သူ မိသားစုအပါအဝင် ၆၉၉ ဦးရှိပြီဖြစ်ကြောင်း၊ ဗဟိုကော်မတီက လူတွေ့စစ်ဆေးရန် ကျန်ရှိသည့် လျှောက်ထားသူ ၃၃ ဦး၊ မိသားစုဝင်ရှစ်ဦး စုစုပေါင်း ၄၁ ဦး ရှိကြောင်း။

ယခုပြုလုပ်သည့် အစည်းအဝေးတွင် ပြီးခဲ့သည့် မတ် ၈ ရက်က လုပ်ငန်းကော်မတီက ပဏာမ စိစစ်ပြီးဖြစ်သည့် လျှောက်ထားသူ ၃၇ ဦးနှင့် မိသားစုဝင် ၁၄ ဦး စုစုပေါင်း ၅၁ ဦးကို ဗဟိုကော်မတီအနေဖြင့် စိစစ်သုံးသပ် ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ စိစစ်ဆောင်ရွက်ပြီးပါက ယခင်လူတွေ့စစ်ဆေးရန်ကျန်ရှိသည့် လျှောက်ထားသူ ၃၃ ဦးနှင့် ယခုစိစစ်အတည်ပြုသူတို့ကို လူကိုယ်တိုင်ခေါ်ယူ၍ ဗဟိုကော်မတီက လူတွေ့စစ်ဆေးအကဲဖြတ်မှုများကို ဆက်လက်စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးတို့ အတွက်များစွာ အထောက်အကူပြုသော်လည်း ဗဟိုကော်မတီဝင်များ အနေဖြင့် အဘက်ဘက်မှ စဉ်းစားသုံးသပ်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုနိုင်ရေးအတွက် သုံးသပ်အကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန်ကိုယ်စား တာဝန်ခံအရာရှိက လက်ရှိ PR လျှောက်ထားသူ မိသားစုအပါအဝင် ၅၁ ဦး၏ ကိုယ်ရေးအချက်အလက်များနှင့် အမှတ်ပေးစနစ်အရ လျှောက်ထားသူတစ်ဦးချင်းရရှိသည့် အမှတ်များ၊ လုပ်ငန်းကော်မတီမှ စိစစ်အကြံပြုချက်များ၊ ဗဟိုကော်မတီမှ စိစစ်ပြီးပါက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များက လျှောက်ထားသူ တစ်ဦးချင်း၏ ကိုယ်ရေးအချက် အလက်များအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုနိုင်ရေး ဝိုင်းဝန်းသုံးသပ်အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဗဟိုကော်မတီက အတည်ပြုပြီးသူများကိုလူတွေ့စစ်ဆေး အကဲဖြတ်မှုများ ဆက်လက် ဆောင်ရွက်နိုင်ရေး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ နှစ်နိုင်ငံသားခံယူခွင့်မပြုသည့်အတွက် နိုင်ငံတော်၏ အကျိုး၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ၏အကျိုးအတွက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ကျင့်သုံး အကောင်အထည်ဖော်လျက် ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်၊ အခြားနိုင်ငံသားခံယူထားပြီး မိမိနိုင်ငံအကျိုးကို အထောက်အကူပြုမည့် မြန်မာနိုင်ငံသားဟောင်းနှင့် မြန်မာနိုင်ငံသားနှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍အမျိုးအစားလေးမျိုးဖြင့် PR လျှောက်ထားသူများကို စိစစ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် မိုးမခကျေးရွာရှိ ပန်းလှိုင်ရေထိန်းတံခါးနှင့် ပန်းလှိုင်မြစ် ရေစီးရေလာမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက မိုးရာသီ၌ ပန်းလှိုင်မြစ်ရေဝင်ရောက်မှု၊ စိုက်ပျိုးမြေများကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးလျက်ရှိသည့် ပန်းလှိုင်ရေထိန်းတံခါးအခြေအနေ၊ နှစ်စဉ် နွေစပါး ၆၀၁၉ ဧကနှင့် အခြားသီးနှံ ၁၆၄၂ ဧကတို့အား စိုက်ပျိုးရေပေးဝေ အကျိုးပြုလျက်ရှိမှု၊ နွေစပါးရေရရှိစေရန်နှင့် မြစ်ရေပြန်ကျချိန်တွင် ကွင်းရေပြန်ထုတ်ရန် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မူလသတ်မှတ်သည့် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ရေသောက်ဧရိယာအတွင်း နွေစပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရန် စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေး၊ မိုးတွင်းကာလ ရေဘေးကာကွယ်ရေးတာများ ကြိုတင်ပြင်ဆင်သကဲ့သို့ ရေတံခါးများ ကြံ့ခိုင်လုံခြုံမှုရှိစေရေး ပြင်ဆင်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ရေများ မြင့်တက်လာမှုအခြေအနေအရ ရေဘေးကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုနှင့် ရေဘေးကာကွယ်ထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် ချောင်းကြီး၊ ဂန်ချောင်းရေကင်းစခန်း တာမိုင် ၁၂ မိုင် ၄ ဖာလုံ၊ စက္ကော့ဒေသ ကြိမ်ပင်ဆည်ရေကင်းစခန်း တာမိုင် ၆၇ မိုင် ၄ ဖာလုံ၊ ဓနုဖြူမြို့ အမှတ် (၄)ရပ်ကွက် ကမ်းနားလမ်းရှိ ဧရာဝတီဆိပ်ကမ်း မြစ်ရေမြင့်တက်မှုအခြေအနေ၊ ဇလွန်မြို့နယ် ကမ်းရင်းတာ တာမိုင် ၂၅ မိုင် ၂ ဖာလုံ (ဆန်တန်း)ရေကင်းစခန်းနှင့် တာတမံအခြေအနေ၊ ဒေါင့်ကြီးကျေးရွာ ရေခင်းအမှတ် (၁) တာမိုင်၂၁ မိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တာတမံ ကြံ့ခိုင်မှုအခြေအနေကို အချိန်လှည့်ဇယားများဖြင့် နေ့ညမပြတ် လှည့်လည်ကြည့်ရှုစစ်ဆေးရန်၊ ရေဘေးကာကွယ်ရေးတာများတွင် ရေပေါက်၊ ထူးပေါက်များဖြစ်ခြင်း၊ တာအိတာလျှောဖြစ်ခြင်းများနှင့် ရေစိမ့်ထွက်ခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး အထူးဂရုစိုက်ကြရန်၊ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်လာပါက ဆောလျင်စွာသိရှိနိုင်ရန်နှင့် ဆောလျင်စွာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေး ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားကြရန်၊ ရေဘေးကာကွယ်ရေးလုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး တာတမံဘေးကင်းလုံခြုံရေး ဆောင်ရွက်နေကြသည့် တာတမံဝန်ထမ်းများ၊ တာတမံလုပ်သားများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။



ထို့ပြင် ဟင်္သာတမြို့နယ် ဖောင်ဆိပ်ကျေးရွာအနီး ဖြတ်တာ ( ၁-ဂ ) နှင့် အသစ်တည်ဆောက်ထားသော ဖြတ်တာ (၁-င)တာ ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဦးစားပေးအပိုင်းလိုက် လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်မွေးစွမ်းအား တို့အားထား၍ တိုးတက်စေမည် ဂျီဒီပီ

ရွှေရည်လင်း

**စီးပွားရေးအခြေခံများအပေါ် တွန်းအားပေး**

နိုင်ငံတိုင်းဟာ စီးပွားရေးအင်အားကောင်းမွန်စေဖို့ တစ်နည်းအားဖြင့် ဂျီဒီပီတိုးတက်ဖို့ကို ဆောင်ရွက်ကြပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ဂျီဒီပီမှာ ပါဝင်တဲ့ ကဏ္ဍကြီး သုံးခုဖြစ်တဲ့ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီး (Agriculture၊ Industry and Services – AIS) တို့ တိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းကြပါတယ်။ ဒီလိုကြိုးပမ်းတဲ့နေရာမှာ မိမိတို့နိုင်ငံအလိုက် စီးပွားရေးကို တွန်းအားပေးနိုင်တဲ့ အခြေခံကောင်းများပေါ် မူတည်ပြီး ဘယ်ကဏ္ဍက စီးပွားရေးကို တွန်းအားပေးနိုင်လဲဆိုတာကို အခြေခံစဉ်းစားဆောင်ရွက်ကြပါတယ်။ ဒီကဏ္ဍကြီးများရဲ့ စီးပွားရေးမှာ ပါဝင်မှုအချိုးကို တစ်နည်းအားဖြင့် စီးပွားရေးဖွဲ့စည်းမှုပုံစံ (Economic Structure) လို့လည်း ခေါ်ကြပါတယ်။ ဒီ AIS အချိုးပြောင်းလဲမှုကို သုံးသပ်ပြီး စီးပွားရေးကဏ္ဍများ၏ တိုးတက်ပြောင်းလဲမှုအခြေအနေကို ခန့်မှန်းနိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကအားထားဆောင်ရွက်ကြပြီး ထိုမှတစ်ဆင့် အခြားကဏ္ဍများတိုးတက်ရေးကို ဆောင်ရွက်တာတွေ့ရပါတယ်။

**မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေခံကောင်း**

မြန်မာနိုင်ငံအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဟာ စီးပွားရေးအခြေခံကောင်းများ ဖြစ်တဲ့အတွက် ဒီကဏ္ဍနှစ်ခုရဲ့ တိုးတက်ပြောင်းလဲမှုက အခြားစီးပွားရေးကဏ္ဍများရဲ့ ထုတ်လုပ်နိုင်မှုနဲ့ ဝန်ဆောင်နိုင်စွမ်း တိုးတက်ပြောင်းလဲမှုကိုလည်း အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။ ဒီကဏ္ဍများကို တိုးတက်အောင် ဆောင်ရွက်ရင်း အခြားကဏ္ဍများမှာလည်း ကွဲကူးရေပါဆိုသလို တိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်ဖြစ်ပေါ်မှုများမှတစ်ဆင့် ဂျီဒီပီတန်ဖိုးဟာလည်း တိုးတက်ပြောင်းလဲလာတာ ဖြစ်ပါတယ်။

**ဂျီဒီပီဆိုတာ**

ဂျီဒီပီဆိုတာက Gross Domestic Product (စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး) ကို ရည်ညွှန်းတဲ့ အတိုကောက်စကားလုံးဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ နယ်နိမိတ်အတွင်း သတ်မှတ်ထားတဲ့ အချိန်ကာလမှာ ထုတ်လုပ်တဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတို့ရဲ့ စုစုပေါင်းတန်ဖိုးလည်း ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတွင်းနိုင်ငံများနဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေကို တိုင်းတာရာမှာ ဂျီဒီပီညွှန်ကိန်းကို အများဆုံးအသုံးပြုကြပါတယ်။ လယ်ယာကဏ္ဍကြီးမှာတော့ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆိုပြီး ခွဲခြားပါဝင်ပါတယ်။ စက်မှုကဏ္ဍကြီးမှာတော့ စွမ်းအင်၊ သတ္တု၊ စက်မှုလက်မှု၊ လျှပ်စစ်၊ ဆောက်လုပ်မှုကဏ္ဍတို့ပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍကြီးမှာတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနဲ့ စီမံခန့်ခွဲမှု၊ အခြားဝန်ဆောင်မှုနဲ့ ကုန်သွယ်မှုကဏ္ဍတို့ ပါဝင်တယ်လို့သိရပါတယ်။

**စားရေးဝတ်ရေးလိုအပ်ချက်ကို လယ်ယာ၊ သားငါးကဏ္ဍမှ ဖြည့်ဆည်း**

စားသုံးသူပြည်သူများရဲ့ နေ့စဉ်လိုအပ်ချက်ဖြစ်တဲ့ စားရေး၊ ဝတ်ရေးအတွက် အခြေခံလိုအပ်ချက်များကို လယ်ယာကဏ္ဍနဲ့ သားငါးကဏ္ဍများက ဖြည့်ဆည်းပေးနေပါတယ်။ လယ်ယာ၊ သားငါးကဏ္ဍက ထုတ်လုပ်တဲ့ကုန်ပစ္စည်းများကို တိုက်ရိုက်စားသုံးတာရှိသလို ကုန်ချောအနေနဲ့ ထုတ်လုပ်ရောင်းချတာလည်း ရှိပါတယ်။ အခြားကဏ္ဍများရဲ့ ကုန်ချောထုတ်လုပ်ဖို့ အခြေခံကုန်ကြမ်းအဖြစ် ထုတ်ယူသုံးစွဲတာလည်းရှိပါတယ်။ ဥပမာ – ဆန်၊ ဆန်ကြာဆံ၊ ပဲကြာဆံ၊ ဆန်ကွပ်ကီး၊ ဆန်ကိတ်မုန့်၊ စည်သွပ်ဘူးများ (သစ်သီး၊ အသား၊ ငါး စသဖြင့်) ဖြစ်ပါတယ်။ ဒီတော့ လယ်ယာကဏ္ဍကြီးကနေ အရည်အသွေးမြင့် လယ်ယာ၊ သားငါး ထွက်ကုန်ထုတ်လုပ်မှုများ တိုးတက်လာပါက စက်မှုလက်မှုကဏ္ဍရဲ့ ဈေးကွက်ဝင် စက်မှုထွက်ကုန်များ ထုတ်လုပ်မှုကို တွန်းအားပေးရာလည်း ရောက်တဲ့အပြင် အဆိုပါထုတ်ကုန်များကို သယ်ယူပို့ဆောင်ရောင်းချရာမှ ဝန်ဆောင်မှုကဏ္ဍများဖြစ်တဲ့ ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုကဏ္ဍများကိုလည်း တိုးတက်လာစေမှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍကြီးဟာ အခြားကဏ္ဍကြီးနှစ်ခု တိုးတက်ဖို့ အခြေခံကျတဲ့ကဏ္ဍလည်း ဖြစ်ပါတယ်။

**ဆင့်ပွားသက်ရောက်နိုင်**

စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်နိုင်မှုစွမ်းအားမှတစ်ဆင့် စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍများ တိုးတက်စေဖို့ အထောက်အကူပြုတာဖြစ်တဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး စီးဆင်းလည်ပတ်မှုမှာ ပါဝင်နေတဲ့ စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်သူ အိမ်ထောင်စုများ၊ စက်မှု လက်မှုလုပ်ငန်းလုပ်ကိုင်တဲ့ အသေးစား၊ အငယ်စားလုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေး အခြေပြုဆောင်ရွက်နေသူများအားလုံးကို အကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။




ဒါကြောင့် လယ်ယာ၊ သားငါး အခြေခံကုန်ထုတ်လုပ်မှုများကနေ ထုတ်လုပ်နိုင်စွမ်းတိုးတက်လာခြင်းဖြင့် အခြားကဏ္ဍများကိုပါ ဆင့်ပွားသက်ရောက်မှုများ ဖြစ်လာတာမို့ စိုက်မွေးစွမ်းအားဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို များစွာအကျိုးသက်ရောက်မှု ရှိပါတယ်။ ထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားရာမှာလည်း ပြည်တွင်းနဲ့ ပြည်ပရောင်းဝယ်မှုများ ပါရှိလာတာဖြစ်တဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ ထုတ်လုပ်နိုင်စွမ်းအားကောင်းပါက ပြည်တွင်းစားသုံး မှု ဖူလုံရုံသာမက ပြည်ပသို့ပါ ပိုမိုရောင်းချနိုင်တဲ့အတွက် ပြည်ပမှဝင်ငွေရရှိပြီး နိုင်ငံတော်ရဲ့ ဝင်ငွေကိုလည်း တိုးတက်လာစေမှာဖြစ်ပါတယ်။

**ပြည်ပပို့ကုန်တိုးချဲ့ရေး**

ဒီနေရာမှာ ပြည်ပပို့ကုန် များများပို့နိုင်ပါက ပို့ကုန်တိုးတက်ရရှိပြီး ကုန်သွယ်မှုမှာ ပိုငွေဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ ကုန်သွယ်မှုပိုငွေများ များရရှိပါက နိုင်ငံရဲ့ဂျီဒီပီတန်ဖိုး တိုးတက်ရရှိရေးကို အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှ ထုတ်လုပ်နိုင်တဲ့ ပစ္စည်းများကို တိုးတက်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းများ တိုးတက်လာမှာဖြစ်သလို အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ လုပ်ငန်းလည်ပတ်မှု အားကောင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုအတွက် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းများကိုပါ ပြည်တွင်းမှ ထုတ်လုပ်ရရှိပါက ပြည်တွင်းထုတ် ကုန်ချောပစ္စည်းများရဲ့ ဈေးနှုန်းမှာ ပြည်ပက တင်သွင်းရတာထက် ဈေးနှုန်း သက်သာမှုရှိလာမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သွင်းကုန်အစားထိုးနိုင်တဲ့အပြင် စားသုံးသူပြည်သူများအတွက် ကုန်ကျစရိတ် သက်သာစေမှာ ဖြစ်ပါတယ်။

**စိုက်ပျိုးရေးစွမ်းအားမြှင့်တင်ဖို့**

မြန်မာနိုင်ငံဆိုတာ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ဖို့ ရေခံမြေခံကောင်းများကို ပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားတဲ့နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိတဲ့ ကုန်ထုတ်လုပ်မှုဟာ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုမှာ အဓိကကျတဲ့အခန်းကဏ္ဍကပါဝင်နေပါတယ်။ ဒီတော့ နိုင်ငံ့ဂျီဒီပီတိုးတက်ဖို့ စဉ်းစားတဲ့အခါမှာ မူလထုတ်လုပ်နေတဲ့ ကုန်ထုတ်လုပ်မှုပမာဏကနေ ဘယ်လောက် တိုးတက်ထုတ်လုပ်မယ်၊ ပြည်တွင်းမှာ ဘယ်လောက်စားသုံးမယ်၊ ပြည်ပသို့ ဘယ်လောက်တိုးချဲ့ကုန်သွယ်မှုပြုမယ်ကို ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်းဒါမှမဟုတ် လက်ရှိ စိုက်ပျိုးနေတဲ့မြေပေါ်မှာ ရာသီအလိုက် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရာသီအလိုက်သာရရှိတဲ့ သီးနှံများကို ရာသီကုန်အထိ ရရှိအောင် လုပ်ဆောင်ခြင်း စတာတွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရာသီသီးနှံများကို ဈေးကွက်အတွင်းမှာ ရာသီမရွေးဝယ်ယူရရှိနိုင်မည်ဆိုပါက ဝယ်လိုအားကောင်းပြီး တောင်သူများနဲ့ လက်လီလက်ကားရောင်းဝယ်သူများလည်း ဝင်ငွေတိုးတက်ရရှိမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးမှာ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းဆိုတာရှိပါတယ်။ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းသတ်မှတ်ရာမှာ ပညာရှင်များက နိုင်ငံတကာနဲ့ မြန်မာနိုင်ငံရဲ့ သီးနှံထွက်နှုန်းများကို နှိုင်းယှဉ်သုတေသနပြုလုပ်ပြီး တစ်ဧကအထွက်နှုန်းကို သတ်မှတ်ထားတာဖြစ်ပါတယ်။ ထိုသို့ စိုက်ပျိုးစွမ်းအားမြှင့်တင်ရာမှာ ရိတ်သိမ်းချိန်လွန်နည်းပညာများ တိုးတက်ရရှိရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေးနဲ့ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများပြည့်မီရေး၊ စိုက်ပျိုးမြေတိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်ရေးနဲ့ ရာသီမရွေး သီးနှံများထုတ်လုပ်ရရှိနိုင်ရေးက အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာတော့ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီရေးနဲ့ သီးထပ်စွမ်းအား တိုးချဲ့ရေးကို အဓိကထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီနှစ်ချက်အောင်မြင်မယ်ဆိုရင် နိုင်ငံ့စီးပွားရေးနဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ များစွာမြင့်မားလာနိုင်မှာဖြစ်ပါတယ်။

**မျိုး၊ မြေ၊ ရေ၊ နည်း**

ဂျီဒီပီတွင် အဓိကပါဝင်နေတဲ့ စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုတိုးတက်ဖို့ဆိုရင် လယ်ယာကဏ္ဍမှာ အဓိကလိုအပ်တာကတော့ မျိုး၊ မြေ၊ ရေ၊ နည်း ပဲဖြစ်ပါတယ်။ မျိုးဆိုတာက မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ဖို့၊ မြေဆိုတာ မြေဆီမြေဩဇာ ကောင်းမွန်ဖို့၊ ရေဆိုတာက စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ရေရရှိဖို့၊ နည်းဆိုတာက စိုက်ပျိုးစနစ်နဲ့ နည်းပညာကောင်းမွန် မှန်ကန်ဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုအချက် လေးမျိုးစလုံးကို စိုက်ပျိုးသူ တောင်သူဦးကြီးများ၊ သက်ဆိုင်ရာစိုက်ပျိုးရေးနဲ့ နှီးနွယ်သုတေသနဌာနများ၊ စိုက်ပျိုးရေးဝန်ဆောင်မှုပံ့ပိုးပေးနေတဲ့ ဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကို ထိခိုက်နိုင်တဲ့ ထုတ်ကုန်အရည်အသွေးကျဆင်းမှု၊ သဘာဝဘေးနဲ့ ပိုးမွှားရောဂါအန္တရာယ်ကျရောက်တတ်တဲ့ ကိစ္စရပ်များကို မျက်ခြည်မပြတ်စောင့်ကြည့်ဖို့လည်း လိုမှာဖြစ်ပါတယ်။

ဒီနေရာမှာစိုက်ပျိုးရေးနဲ့ဆက်စပ်လို့တင်ပြရမယ်ဆိုရင် မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာအမျိုးမျိုးကို နှုန်းထားအပြည့်အသုံးပြုမယ်ဆိုရင် လိုအပ်ချက်ဟာ နှစ်စဉ်မက်ထရစ် တန် လေးသန်းခန့်ရှိကြောင်း သိရှိရပါတယ်။ ပြည်တွင်းက ထုတ်လုပ်နိုင်မှုဟာ ၂၀၂၂–



၂၀၂၃ ခုနှစ်မှာ မက်ထရစ်တန် သုည ဒသမ ၀၅ သန်းခန့်သာရှိကြောင်း သိရှိရပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် စိုက်ပျိုးရေးအတွက် မရှိမဖြစ်လို့ဆိုရမယ့် ဓာတ်မြေဩဇာအမျိုးမျိုးကို နှုန်းထားအပြည့်အသုံးပြုဖို့ နှစ်စဉ်ပြည်ပက ပျမ်းမျှ မက်ထရစ်တန် ၃ ဒသမ ၉၅ သန်းခန့် တင်သွင်းရမှာဖြစ်ပါတယ်။ ၂၀၂၂–၂၀၂၃ ခုနှစ်မှာ ဓာတ်မြေဩဇာအမျိုးမျိုးကို ပြည်ပက မက်ထရစ် တန် ၁ ဒသမ ၀၄ သန်းခန့် တင်သွင်းခဲ့ရကြောင်း သိရှိရပါတယ်။ ဒါဟာ လိုအပ်ချက်ကို နှုန်းထားပြည့်တင်သွင်းနိုင်ခဲ့တာမဟုတ်ပါဘူး။ ဒီလိုပြည်ပက တင်သွင်းရတဲ့အတွက် ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရပြီး ဒါဟာ စိုက်ပျိုးထုတ်ကုန်များကို တန်ဖိုးကြီးမြင့်လာစေတဲ့ အဓိကအချက်တစ်ချက်ဖြစ်ပါတယ်။ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာအမျိုးမျိုးကို သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနဲ့ တခြားတွင်းထွက်ပစ္စည်းများကနေ ပြည်တွင်းမှာ လုံလုံလောက်လောက်သာ ထုတ်လုပ်ပေးနိုင်မယ်ဆိုရင် နိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကို များစွာ အကျိုးပြုနိုင်မှာဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ထိရောက်စွာ အထောက်အကူဖြစ်နိုင်မှာ ဖြစ်ပါတယ်။ ဒ့ါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့လည်း စိုက်ပျိုးတောင်သူများရဲ့ ဓာတ်မြေဩဇာလိုအပ်ချက်ကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ဖို့ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။

**စာမျက်နှာ ၇ သို့ ○**

❍ စာမျက်နှာ ၆ မှ

### မွေးမြူရေးကဏ္ဍတိုးတက်ဖို့

အဲဒီလို စိုက်ပျိုးရေးကဏ္ဍကို မြင့်မားတိုးတက်လာအောင် ဆောင်ရွက်မယ်ဆိုရင် စိုက်ပျိုးရေးက ထွက်ရှိလာမယ့် ကုန်ကြမ်းတွေက မွေးမြူရေးကိုပါ ဆက်စပ်အကျိုးပြုမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ ပြည်သူလူထုဟာ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားနဲ့ ငါးတို့ကို အဓိကစားသုံးကြပါတယ်။ ဒီတော့ ဒေသတွင်းလိုအပ်ချက်ဖြစ်တဲ့ အသား၊ ငါးစားသုံးမှုကိုလည်း ဖူလုံအောင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဈေးကွက်မှာ အသားထုတ်လုပ်မှုအတွက်လိုအပ်တဲ့ တိရစ္ဆာန်တွေကို မွေးမြူဆောင်ရွက်ရာမှာ စီးပွားဖြစ်လုပ်ငန်းကြီးတွေကို စတင်လုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းကစပြီး လုပ်ကိုင်နိုင်ပါတယ်။ ဒေသထွက်မျိုးစိတ်တွေနဲ့ပဲ စတင်လို့ရပါတယ်။ ဒါပေမဲ့ သမားရိုးကျပုံစံမျိုးနဲ့ မွေးမြူကြမယ်ဆိုရင်တော့ တိုးတက်လာမှာမဟုတ်ဘဲ မိသားစုစားရေးဖူလုံရုံသာ အဆင်ပြေနိုင်မှာဖြစ်ပြီး လူမှုစီးပွားဘဝကို တိုးတက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ခေတ်မီတဲ့ မွေးမြူရေးနည်းစနစ်တွေနဲ့ ပေါင်းစပ်မွေးမြူကြရမှာဖြစ်ပါတယ်။ ဒီလိုနည်းပညာတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ သွင်းအားစုကုမ္ပဏီတွေကနေ နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးရေးက ထွက်ရှိလာတဲ့ ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်နဲ့ ကောက်ရိုးတွေကို မွေးမြူရေးတိရစ္ဆာန်များအတွက် အာဟာရဖြည့်စွက်စာကျွေးခြင်းဖြင့်လည်းကောင်း၊ ယူရီးယားနဲ့ ပြုပြင်ထားတဲ့ကောက်ရိုးကျွေးမွေးခြင်းဖြင့်လည်းကောင်း၊ နေပီယာမြက်ကဲ့သို့ တိရစ္ဆာန်အာဟာရဖြည့်မြက်မျိုးများ စိုက်ပျိုးကျွေးမွေးခြင်းဖြင့်လည်းကောင်း စနစ်တကျကျွေးမွေးပြီး မွေးမြူရမှာဖြစ်ပါတယ် ။ နည်းပညာအကူအညီရယူပြီး စနစ်တကျမွေးမြူတဲ့ မွေးမြူရေးလုပ်ငန်းနဲ့ လွတ်ကျောင်းစနစ်နဲ့ မွေးမြူတဲ့လုပ်ငန်းဟာ အကျိုးရှိထိရောက်မှုခြင်း လုံးဝကွာခြားလှပတယ်။ ဖတ်မှတ်ဖူးခဲ့တဲ့စာအုပ်အချို့မှာဆိုရင် အရှေ့တောင်အာရှမှာ ကြက်ကို အိမ်မွေးတိရစ္ဆာန်အဖြစ် အစောဆုံးမွေးမြူတဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံလည်းပါဝင်ကြောင်း မှတ်သားဖူးပါတယ်။ အဲဒီလို အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးမြူခဲ့တဲ့ ဒေသကြက် တစ်နည်းအားဖြင့် တိုင်းရင်းကြက်မျိုးဟာ ပြည်ပကဝင်ရောက်လာတဲ့ မျိုးစိတ်ဖြစ်တဲ့ အသားတိုးကြက်တွေထက် အရသာပိုပြီးပြည့်စုံကောင်းမွန်ပါတယ်။ ဒီလိုတိုင်းရင်းကြက်မျိုးကို သမားရိုးကျနည်းနဲ့ မွေးမြူနေခြင်းထက် နည်းပညာအကူအညီနဲ့ သေချာစနစ်တကျ မွေးမြူနိုင်ဖို့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုပဲ တခြားအသားထုတ်လုပ်နိုင်တဲ့ ဒေသမျိုးစိတ်တွေဖြစ်တဲ့ ဝက်၊ အမဲ၊ ဆိတ်နဲ့ ငါးတွေကိုလည်း သမားရိုးကျ မွေးမြူခြင်းမဟုတ်ဘဲ ခေတ်မီတဲ့ မွေးမြူရေးနည်းစနစ်တွေနဲ့ မွေးမြူကြရမှာဖြစ်ပါတယ်။ ဒီလိုမျိုး တစ်ပိုင်တစ်နိုင် မွေးမြူရေးကို စနစ်တကျနဲ့ဆောင်ရွက်မယ်ဆိုရင် အသားထွက်နှုန်းတိုး၊ နို့ထွက်နှုန်းတိုးတက်လာမှာဖြစ်ပြီး ဈေးကွက်ဝင်အာဟာရဓာတ်ပြည့်ဝတဲ့အသားများကို မွေးမြူထုတ်လုပ်လာနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် ဈေးကွက်မှာလည်း ယခင်ထက် ရောင်းတန်းပိုဝင်လာပြီး ဝင်ငွေရရှိမှုမှာလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ ပြည်တွင်းမှာ အခြေခံစားသုံးနေကြတဲ့ ကြက်ဥ၊ ဘဲဥ ထုတ်လုပ်မှုကိုလည်း ပြည်တွင်း စားသုံးမှုအတွက်သာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ တိုးတက်ထုတ်လုပ်ဖို့ ကြိုးစားလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။







မွေးမြူရေးဘက်မှာ မျိုးကောင်းမျိုးသန့်များ မွေးမြူရေးနဲ့ အာဟာရပြည့်ဝတဲ့ အစားအစာများ ကျွေးမွေးဖို့၊ ကျန်းမာသန်စွမ်းပြီး ရောဂါကျရောက်မှု အန္တရာယ်မှ ရှောင်ရှားနိုင်ဖို့ကို အထူးဂရုပြုရမှာဖြစ်သလို မွေးမြူထုတ်လုပ်ရာမှာလည်း နည်းစနစ်ကောင်းများနဲ့ ထုတ်လုပ်နိုင်မှ အလေအလွင့်လျော့နည်းပြီး ထုတ်လုပ်နိုင်စွမ်း တိုးတက်လာမှာဖြစ်ပါတယ်။ အလေအလွင့်လျော့နည်းဖို့ဆိုရင် စိုက်ပျိုးမွေးမြူမှုလုပ်ငန်းစတင်သည်မှ ဈေးကွက် (Farm to Market) သို့ ရောက်ရှိသည်အထိ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် လိုအပ်တဲ့နည်းစနစ်နဲ့ အခြေခံအဆောက်အအုံ (ဥပမာ– ခေတ်မီသီးနှံသိုလှောင်ရုံများ၊ ကြိတ်ခွဲ၊ သန့်စင်သည့်စနစ်၊ ထုတ်လုပ်မှု စက်ကိရိယာများ) လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဈေးကွက်သို့ဝင်ရောက်ရာမှာ ဈေးနှုန်းရရှိနိုင်ဖို့ စံချိန်၊ စံညွှန်းပြည့်မီစေဖို့ နည်းစနစ်ကောင်းများကို ထည့်သွင်းစဉ်းစားသွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ထုတ်ကုန်များ ဈေးကောင်းရရှိမှာဖြစ်ပြီး ဝင်ငွေတိုးတက်စေရေးကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများပြီး မြေပေါများတဲ့ မြန်မာနိုင်ငံမှာ မွေးမြူရေးစွမ်းအားတိုးတက်ဖို့ အခြေခံကောင်းများ များစွာရှိတဲ့အတွက် မွေးမြူရေးဇုန်များ၊ စီးပွားဖြစ် မွေးမြူရေးခြံများ၊ ငါးမွေးမြူရေးကန်များကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့တဲ့ မွေးမြူရေးလုပ်ငန်းများ ဖြစ်ပေါ်လာမှာ ဖြစ်တဲ့အပြင် စားရေရိက္ခာဖူလုံရေးဆိုတဲ့ အမျိုးသားရေး ရည်မှန်းချက်ပြည့်မီရေးကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

### တကယ်လုပ်အဟုတ်ဖြစ်

အထက်မှာတင်ပြခဲ့သည့်အတိုင်း ဂျီဒီပီတိုးတက်ဖို့အစ လယ်ယာထွက်ကုန်က ဆိုသကဲ့သို့ လယ်ယာကဏ္ဍကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် အခြားကဏ္ဍများလည်း တိုးတက်လာမှာဖြစ်တဲ့အတွက် စိုက်ပျိုးမွေးမြူရေးစွမ်းအားနဲ့ ဂျီဒီပီတိုးတက်ရေးကို မြှင့်တင်ကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးမွေးမြူရေးအတွက် အခြေခံကောင်းများ ရှိပြီးဖြစ်တဲ့အတွက် အဆိုပါ အလားအလာကောင်းများကို ပိုမိုအကျိုးဖြစ်ထွန်းစေဖို့ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုနဲ့ စိုက်မွေးကဏ္ဍ တိုးတက်ရေးကို အားပေးမြှင့်တင်လျက် ရှိသလို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့လည်း နိုင်ငံတော်နဲ့ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြင့် တကယ်လုပ်အဟုတ်ဖြစ်ဆိုတဲ့ စကားအတိုင်း လက်တွေ့အမှန်တကယ် အကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

### နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေး

ဒါကြောင့် ဂျီဒီပီ တိုးတက်စေဖို့ အခြေခံဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍများမှ တိုးတက်ထုတ်လုပ်နိုင်ဖို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးပြီး ရင်းနှီးမြှုပ်နှံမှုကို တွန်းအားပေးလျက်ရှိပါတယ်။ နိုင်ငံတော်က စိုက်မွေးစွမ်းအားမြှင့်တင်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ တွန်းအားပေးနေသလို တောင်သူများနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီနဲ့ ဆောင်ရွက်သွားပါက ပြည်သူများရဲ့ ဝင်ငွေတိုးတက်လာပြီး နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေးကို အထောက်အကူကောင်းများ ဖြစ်ပေါ်လာစေမှာဖြစ်ပြီး ဂျီဒီပီတိုးတက်ရေးကို အထောက်အကူပြုလာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

> **❛ ဂျီဒီပီတိုးတက်ဖို့အစ လယ်ယာထွက်ကုန်ကဆိုသကဲ့သို့ လယ်ယာကဏ္ဍကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် အခြားကဏ္ဍများလည်း တိုးတက်လာမှာဖြစ်တဲ့အတွက် စိုက်ပျိုးမွေးမြူရေးစွမ်းအားနဲ့ ဂျီဒီပီတိုးတက်ရေးကို မြှင့်တင်ကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးမွေးမြူရေးအတွက် အခြေခံကောင်းများ ရှိပြီးဖြစ်တဲ့အတွက် အဆိုပါအလားအလာကောင်းများကို ပိုမိုအကျိုးဖြစ်ထွန်းစေဖို့ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုနဲ့ စိုက်မွေးကဏ္ဍတိုးတက်ရေးကို အားပေးမြှင့်တင်လျက်ရှိသလို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့လည်း နိုင်ငံတော်နဲ့ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြင့် တကယ်လုပ်အဟုတ်ဖြစ်ဆိုတဲ့ စကားအတိုင်း လက်တွေ့အမှန်တကယ် အကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ ❜**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ (၇၇)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**လှိုင်သာယာ ဇူလိုင် ၁၈**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မုဒိတခန်းမ၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါး ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



### ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲများတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အာဇာနည်နေ့နှင့် ကျွန်ုပ်တို့တာဝန်"၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "လေးမြတ်ဂုဏ်ရည်အာဇာနည်"နှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ပုံပြစာစီစာကုံး" ခေါင်းစဉ်တို့ဖြင့် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲကျင်းပ

**မုဒုံ ဇူလိုင် ၁၈**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပခဲ့သည်။



### ချီးမြှင့်ပေးအပ်ခဲ့

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်စန္ဒာက အာဇာနည်နေ့ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများက အာဇာနည်စိတ်ဓာတ် အစဉ်ထာဝရ ကိန်းအောင်းရှင်သန်စေရန်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ ခေါင်းစဉ်များဖြင့် ပြောကြားသည်။ ထို့နောက် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အလယ်တန်း ၊ အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ





နေပြည်တော် ဇူလိုင် ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ထူးချွန်ဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတိုင်းတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေးအတွက် ပညာရေးတွင် များစွာရင်းနှီးမြှုပ်နှံပြီး ပညာရေးကဏ္ဍမြင့်မားရေးအတွက် အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ပညာတတ်များ ပေါ်များရေး၊ လူသားအရင်းအမြစ်များ ကြွယ်ဝရေး မြော်တွေးပြီး အရွယ်ရောက်သူတိုင်း ကျောင်းနေစေရေး၊ ကျောင်းနေသူတိုင်း ပညာတတ်များဖြစ်လာစေရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍအသီးသီးတွင် တာဝန်ယူကြရမည့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်က ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ ဝန်ကြီးဌာနအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ပညာသင်ကြားမှု ပြီးဆုံးသည့်အခါ မိမိကိုယ်ပိုင် ရပ်တည်နိုင်သော စွမ်းရည်၊ မိမိကိုယ်တိုင်ထိန်းကျောင်းနိုင်သော စွမ်းအားများရရှိပြီး မိမိနှင့် မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံနှင့် ပြည်သူကို အကျိုးပြုမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ပညာရည်ထူးချွန်သူများအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ အသိအမှတ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူ ကျောင်းသား ကျောင်းသူ ၈၁ ဦး အနက် ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၃၆ ဦး တို့အား ဂုဏ်ပြုဆုတံဆိပ်၊ အသိအမှတ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ပြီး ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ ၁၁၁၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပနိုင်ရေး သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၁၈

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပနိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်သူများ စိတ်ပါဝင်စားလာစေရေးအတွက် အမျိုးသားအားကစားပွဲတော်နှင့် ဂုဏ်ပြုအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာအပါအဝင် နိုင်ငံပိုင်မီဒီယာများမှ ပွဲတော်မတိုင်မီကာလတွင် ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်ထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ပွဲတော်ကာလအတွင်း ပြိုင်ပွဲယှဉ်ပြိုင်မှုများကို နိုင်ငံပိုင်မီဒီယာများနှင့် ပြင်ပမီဒီယာများ၊ အားကစားမီဒီယာများမှ အချိန်မီသတင်းထုတ်ပြန်နိုင်ရေးနှင့် မှတ်တမ်းတင်ရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ရန်၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်ရန်၊ နေ့စဉ်သတင်းလွှာထုတ်ဝေရန်နှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပမှုမှတ်တမ်းပြုစုဆောင်ရွက်ရန်၊ အားကစားသမားများ တည်းခိုနေထိုင်မည့်နေရာ၌ စာအုပ်စာစောင် စုံလင်စွာဖြင့် စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင် ဖွင့်လှစ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှု၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်နိုင်ရေး၊ အားကစားပြိုင်ပွဲများ နေရာအလိုက် ရိုက်ကူးထုတ်လွှင့်နိုင်ရေး၊ သတင်းရယူထုတ်လွှင့်ဖော်ပြမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက အားကစားသမားများ တည်းခိုနေထိုင်ရာနေရာ၌ စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်ဖွင့်လှစ်နိုင်ရေး၊ သတင်း၊ ဆောင်းပါး၊ အင်တာဗျူးများ ဖော်ပြနိုင်ရေး၊ ပွဲတော်ကျင်းပနေစဉ် သတင်းလွှာထုတ်ဝေနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများဖိတ်ကြားနိုင်ရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး စသဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**




# ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ–၂၀၂၄(တက္ကသိုလ်အဆင့်)အွန်လိုင်းမှ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ–၂၀၂၄ (တက္ကသိုလ်အဆင့်)ကို အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ်အချက်အလက်များကို အောက်ပါ Link တွင် Download ရယူနိုင်ကြောင်း သိရှိရသည်–

https://www.ncsc.gov.mm/CAVC2024–Registration Form.pdf

https://www.ncsc.gov.mm/CAVC2024–Announcement.pdf

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံ တွင် ကျင်းပပြုလုပ်မည့် ASEAN – JAPAN Cyber–security Awareness Video Competition – 2024 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ ဝက်ဘ်ဆိုက် www.ncsc.gov.mm သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇–၃၄၂၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အိန္ဒိယသမ္မတနိုင်ငံက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လှူဒါန်းသည့် ကင်ဆာဓာတ်ရောင်ခြည်ကုသစက် (Bhabhatron-II and Imagin) လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကျင်းပ



ရန်ကုန် ဇူလိုင် ၁၈

အိန္ဒိယသမ္မတနိုင်ငံက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လှူဒါန်းသည့် ကင်ဆာဓာတ်ရောင်ခြည်ကုသစက် (Bhabhatron–II and Imagin) လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ဆေးကုသဆောင်သစ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Shri Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Shri Abhay Thakur၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးတို့သည် Bhabhatron–II and Imagin စက်များထားရှိသည့် စက်ခန်းရှေ့ရှိ ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးကြပြီး Bhabhatron–II and Imagin စက်များအသုံးပြုမှုကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ရန်ကုန်ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Shri Abhay Thakur က Bhabhatron–II and Imagin စက်များလှူဒါန်းရသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ ယခုလှူဒါန်းမှုဖြင့် မြန်မာနိုင်ငံရှိ ဓာတ်ရောင်ခြည်ကုထုံး လိုအပ်လျက်ရှိသည့် ကင်ဆာရောဂါဝေဒနာရှင်များကို အချိန်နှင့်တစ်ပြေးညီ ကုသမှုပိုမိုလုပ်ဆောင်နိုင်ရေး ရည်ရွယ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မိတ်ဆွေအိမ်နီးချင်းနိုင်ငံများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးအပ်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရန်ကုန်၊ မန္တလေး၊ စစ်တွေနှင့် နေပြည်တော်ရှိ ဆေးရုံများသို့ ဆေးဘက်ဆိုင်ရာကိရိယာများထောက်ပံ့ပေးခဲ့ပြီး ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်လည်း အထောက်အပံ့များပေးအပ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ကျန်းမာရေးကဏ္ဍတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါသည် သေဆုံးမှုနှုန်းအမြင့်ဆုံးရောဂါတစ်ခုဖြစ်ပြီး ယခုလှူဒါန်းသည့် Bhabhatron–II ကင်ဆာဓာတ်ရောင်ခြည်ကုထုံးစက်သည် တစ်ရက်လျှင် ကင်ဆာလူနာ ၇၀ ခန့် ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသနိုင်သည့်အတွက် မြန်မာနိုင်ငံရှိ ကင်ဆာရောဂါဝေဒနာရှင်များကို အချိန်နှင့်တစ်ပြေးညီ ကုသရာတွင် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း၊ ထို့ပြင် Imagin စက်သည် အဆင့်မြင့်ပုံရိပ်နည်းပညာသုံးစက်ဖြစ်သည့်အတွက် ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် တိကျသည့် ကင်ဆာရောဂါဓာတ်ရောင်ခြည်ကုသမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံသည် အပြန်အလှန်အလေးထားမှုဖြင့် အားကောင်းသည့် သံတမန်ဆက်ဆံရေးတည်ရှိပြီးဖြစ်ကာ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းသုတေသနများ၊ တိုင်းရင်းဆေးပညာ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများတင်ပို့မှုနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနယ်ပယ်များတွင် ကာလရှည်ကြာပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ ယခုလှူဒါန်းမှုဖြင့် နှစ်နိုင်ငံအကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ကင်ဆာရောဂါလူနာကုသမှုများအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက လှူဒါန်းသည့်စက်ပစ္စည်းပုံစံငယ်ကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကင်ဆာရောဂါကုသမှုလုပ်ငန်းများအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကင်ဆာရောဂါဓာတ်ရောင်ခြည်ကုသစက်အသစ်တစ်လုံး တပ်ဆင်ခဲ့ပြီး ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စက်အသစ်တစ်လုံး ထပ်မံတပ်ဆင်ခြင်းဖြစ်သည်။ ထို့ပြင် နေပြည်တော်တွင် PET–CT and Cyclotron စက်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသားကင်ဆာရောဂါကုသရေး စင်တာတွင် ကင်ဆာရောဂါဓာတ်ရောင်ခြည် ကုသစက်အသစ်သုံးလုံးကိုလည်းကောင်း မကြာမီတွင်တပ်ဆင်၍ ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံရှိ ကင်ဆာရောဂါဝေဒနာရှင်များအတွက် ဆေးကုသမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နှစ်စဉ်နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ် ၁၀ ဘီလီယံကျော်အသုံးပြု၍ ကင်ဆာရောဂါကုသသည့်ဆေးဝါးများကို တိုးမြှင့်ဝယ်ယူပေးလျက်ရှိသည့်အပြင် ယခုကဲ့သို့ ကင်ဆာရောဂါကုသသည့် ခေတ်မီစက်ကိရိယာများကို တိုးချဲ့တပ်ဆင်ခြင်းအားဖြင့် နေ့စဉ်ကင်ဆာရောဂါလူနာများကို ပိုမိုကုသမှုပေးနိုင်မည်ဖြစ်ပြီး ကင်ဆာရောဂါဝေဒနာရှင်များအတွက် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## တောင်ငူခရိုင် အထူးကုဆရာဝန်ကြီးများအဖွဲ့ ထန်းတပင်မြို့နယ်အတွင်း နယ်လှည့်ကွင်းဆင်းဆေးကုသပေး

ပဲခူး ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာရှင်လူနာများအား တောင်ငူခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီးဦးဆောင်သော အထူးကု ဆရာဝန်ကြီးများအဖွဲ့က ယနေ့ နံနက် ၈ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့ ကွင်းဆင်းဆေးကုသပေးသည်။

ထိုသို့ အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသပေးရာတွင် တောင်ငူခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းဝင်းခိုင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြား၊ အရိုး၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး၊ သားဖွားမီးယပ်၊ သွားရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ အထွေထွေအထူးကုဝေဒနာရှင် စုစုပေါင်း ၄၀၀ အား ကုသပေးခဲ့သည်။

အဆိုပါ နယ်လှည့်ကွင်းဆင်းဆေးကုသရာသို့ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ကျိုက်ထိုမြို့၌ (၇၇)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် ဟောပြော

ကျိုက်ထို ဇူလိုင် ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများ၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ၊ ကျောင်းသူ ကျောင်းသားများအနေဖြင့် ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဆွေးနွေးပြောကြားပြီး အာဇာနည်နေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲများ



ပြုလုပ်ကာ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# စိတ်ဓာတ်ကောင်းလျှင်အောင်ပွဲဆင် ... ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက်

မိုးကေနိုင်

အာဇာနည်နေ့အခါသမယရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို ယခင်ထက် ပိုအမှတ်ရမိ၊ သတိတရဖြစ်မိသည်။ ကလေးဘဝကတည်းက မစိမ်းခဲ့သည့် အာဇာနည်နေ့၊ လူတိုင်း၏ရင်ထဲတွင် ရှိနှင့်ပြီးသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၊ ရင်ထဲ နှလုံးသားထဲ အမြဲရှိသော်လည်း ဗိုလ်ချုပ်တို့မျှော်လင့်ခဲ့ဖူးသော မျှော်လင့်ချက်များ ဖြစ်လာခဲ့ပြီလား၊ နိုင်ငံရေး၊ စစ်ရေး မျိုးဆက်အသီးသီးက လက်ဆင့်ကမ်းသယ်ယူ၊ ကြိုးစားပမ်းစားထိန်းသိမ်းကာကွယ်ခဲ့ကြပေမယ့် လိုချင်သည့်ရည်မှန်းချက် ရောက်လိုသည့်ပန်းတိုင်ကော ရောက်ပြီလား၊ ပြန်လည်ဆန်းစစ်ရလျှင် အဝေးမှာ ကျန်ရစ်ဆဲ၊ တိုးတက်မှုတစ်လှည့် ဆုတ်ယုတ်မှု တစ်လှည့်မျှသာ...။

## နိုင်ငံတော်၊ ပြည်သူ၊ တိုင်းရင်းသားတို့၏ ဆန္ဒများနှင့် တစ်ထပ်တည်းမကျခဲ့

အရင်းစစ်တော့ တိုင်းပြည်မှာ စည်းလုံးမှုမရှိ၊ ညီညွတ်မှုမရှိသည့်ကြားထဲမှ ပြည်တွင်း၊ ပြည်ပ ဖိအားမျိုးစုံအောက်မှာ နိုင်ငံအချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးမဆုံးရှုံးရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ ဘေးကင်းလုံခြုံရေးသာမက တစ်ဦးချင်း ဝင်ငွေ တိုးအောင်နှင့် နိုင်ငံစားနပ်ရိက္ခာဖူလုံအောင် မနည်းကြိုးပမ်းဆောင်ရွက်ပေးနေရသည်။ နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားတို့အတွက် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ် အကူးအပြောင်းကိုလည်း ပုံဖော်နေရသည်။ အပြောင်းအလဲတိုင်းမှာ စိန်ခေါ်မှုက ကြမ်းတမ်းသည်ဆိုသော်လည်း မြန်မာပြည် အလှည့်အပြောင်းက ဘယ်ခေတ်ဘယ်အခါနှင့်မှမတူ စိန်ခေါ်ချက်များကား ပြင်းထန်ဆိုးရွားလှသည်။

ထွက်ပေါက်က နိုင်ငံရေးနည်းလမ်းတစ်ခုတည်း ဆိုပေမယ့် စစ်ရေးနည်းလမ်းကို ပညာမဲ့ရွေးချယ်ခဲ့ကြသူများကိုလည်း အံ့သြစွာတွေ့ရသည်။ တစ်ဖက်က ညီညွတ်ရေးကို အမြော်အမြင်ဖြင့် တွင်တွင်လက်ကိုင်ထားသော်လည်း အခြားတစ်ဖက်က ညီညွတ်ရေးကို အသိမဲ့စွာ ပစ်ပယ်ထားသည်ကို တွေ့ရသည်။ ရိုးသားပြီး အမြော်အမြင်ရှိသည့် တိုင်းရင်းသားတို့က စည်းစည်းလုံးလုံးနှင့် တစ်သွေးတည်း၊ တစ်သားတည်း နေလိုကြသော်လည်း သူတို့ကမူ အများတိုးတက်လိုသည့်အရေးကို မျက်ကွယ်ပြုကာ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရလေအောင် မနားတမ်းဖျက်ဆီးနေကြဆဲဖြစ်သည်။

ဗိုလ်ချုပ်တို့ခေတ်ကလို တိုင်းပြည်အတွက်၊ ငါတို့လူမျိုးအတွက်ဆိုသည့် ပေးဆပ်ရဲသည့် တိုင်းရင်းသားခေါင်းဆောင်မျိုးများ၊ အခွင့်အလမ်းကောင်းကို ယူတတ်သည့် တိုင်းရင်းသားခေါင်းဆောင်များ သည်ဘက်ခေတ်မှာ မရှိကြတော့ပေ။ မိမိ တစ်ဦးချင်း၊ မိမိမိသားစု မိမိအလွမ်းသင့်ရာလူတစ်စု လူမျိုးစုတစ်စုကောင်းစားဖို့ရာအတွက်သာ ဖြစ်နေကြတော့သည်။

## အင်အားကို ဘက်စုံတည်ဆောက်နေရသော ကာလကြီးမှာ များစွာလေ့လာနိုင်မှသာ

ကမ္ဘာကြီးနှင့်ယှဉ်၍ မြင်လို့ရသည်။ ယခင်က အမေရိကန်ဦးဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီ။ ယခုတော့ အမေရိကန်သည်ပင် သူ့အတ္တ၊ သူ့နိုင်ငံ၊ သူ့အစိုးရ၊ သူ့ပါတီ အကျိုးစီးပွား သက်သက်ဖြစ်နေသည်ကို သတိပြုသင့်သည်။

> ❛ ယခင် ဗိုလ်ချုပ်တို့ခေတ်က လူငယ်နိုင်ငံရေးသမားတော်တော်များများက ပညာ၏တန်ဖိုးကိုသိပြီး ပညာကို အစွမ်းကုန်သင်ယူကြသည်။ တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝမှာ ဘဝနာခဲ့ကြ၍ဖြစ်သည်။ ထို့ကြောင့် စာများများဖတ်ပြီး ပညာကိုရအောင်သင်ယူကာ ပြည်တွင်း၊ ပြည်ပအခြေအနေများကို နှံ့စပ်အောင်လေ့လာခဲ့ကြပြီး နိုင်ငံတကာအခြေအနေကိုကြည့်၍ ကိုယ့်နိုင်ငံအတွက် အကျိုးရှိအောင် လိုအပ်သလို အသုံးချနိုင်ခဲ့ကြသည်။
>
> သင်ယူရာတွင်လည်း ကိုလိုနီအရှင်သခင်များနှင့်အပြိုင် ပညာကို ကြိုးစားသင်ယူကြရခြင်းဖြစ်သည်။ အဓိကဦးတည်ချက်က မိမိလူမျိုးကို သူ့ကျွန်ဘဝမှ လွတ်မြောက်အောင်နှင့် ကိုယ့်နိုင်ငံလွတ်လပ်ရေးရအောင်ဖြစ် ❜

ပထဝီစီးပွားရေး၊ ပထဝီနိုင်ငံရေးများအပေါ် အခြေခံပြီး အကျိုးတူရာအချင်းချင်း ပေါင်းဖက်လာကြသည့်ခေတ်ဝယ် နိုင်ငံငယ်လေးများကို အင်အားကြီးများက ဝင်ရောက်စွက်ဖက်ပြီး အမျိုးမျိုးခြယ်လှယ်မှုပြုကြသည့် အခြေအနေရောက်နေသည်။ အင်အားကြီးများ ဖန်တီးသည့် ကိုယ်စားပြုစစ်ပွဲများသည် ဒေသအနှံ့ပျံ့နှံ့လာမည့်အနေအထား များစွာရှိလာနေပြီဖြစ်သည်။

ထို့ကြောင့် ယခုလိုကာလတွင် နိုင်ငံအားလုံးမှာ အင်အားကို အကြီးအကျယ် တည်ဆောက်လာနေကြသည်။ အင်အားဆိုသည့်နေရာမှာ စစ်ရေးအပြင် စီးပွားရေးအင်အားလည်းပါသည်။ လူ့စွမ်းအားအရင်းအမြစ်ကလည်း လျော့ကျသွားလို့မဖြစ်၊ အင်အားကို ဘက်စုံတိုးမြှင့် တည်ဆောက်နေရသော ကာလကြီးထဲ ရောက်နေကြရသည်။ ယခင်ဗိုလ်ချုပ်တို့ခေတ်က လူငယ်နိုင်ငံရေးသမားတော်တော်များများက ပညာ၏ တန်ဖိုးကိုသိပြီး ပညာကို အစွမ်းကုန်သင်ယူကြသည်။ တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝမှာ ဘဝနာခဲ့ကြ၍ဖြစ်သည်။ ထို့ကြောင့် စာများများဖတ်ပြီး ပညာကိုရအောင်သင်ယူကာ ပြည်တွင်း၊ ပြည်ပအခြေအနေများကို နှံ့စပ်အောင်လေ့လာခဲ့ကြပြီး နိုင်ငံတကာအခြေအနေကိုကြည့်၍ ကိုယ့်နိုင်ငံအတွက် အကျိုးရှိအောင် လိုအပ်သလို အသုံးချနိုင်ခဲ့ကြသည်။

သင်ယူရာတွင်လည်း ကိုလိုနီအရှင်သခင်များနှင့်အပြိုင် ပညာကို ကြိုးစားသင်ယူကြရခြင်းဖြစ်သည်။ အဓိကဦးတည်ချက်က မိမိလူမျိုးကို သူ့ကျွန်ဘဝမှ လွတ်မြောက်အောင်နှင့် ကိုယ့်နိုင်ငံလွတ်လပ်ရေးရအောင်ဖြစ်သည်။ ထို့အတွက် မရရသည့်နည်းဖြင့် လွတ်လပ်ရေးကို အရယူရန် မိမိတို့၏ စဉ်းစားပုံ၊ တွေးခေါ်ပုံတွေကိုပါ ပြောင်းလဲနိုင်စွမ်းရှိခဲ့ကြခြင်းကိုမူ အသိအမှတ်ပြုရမည်ဖြစ်သည်။

> ❛ စိတ်ဓာတ်ကောင်းလျှင် အောင်ပွဲဆင်ဟု ဆိုကြသည်။ စိတ်ဓာတ်ကောင်းကောင်းဖြင့် လုပ်မှသာ တစ်ဦးချင်းဆိုလျှင် မိမိတို့ဘဝပန်းတိုင်၊ နိုင်ငံအတွက်ဆိုလျှင် အမျိုးသားရေးရည်မှန်းချက်များ လိုရာခရီးရောက်ပါသည်။ လက်ရှိနိုင်ငံအခြေအနေအရ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် စိတ်ဓာတ်ကောင်းမွန်ဖို့က အလွန်အရေးပါနေသည်။ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့မှသာ ပြည်သူအပေါင်း စိတ်ဝမ်းနှလုံးချမ်းမြေ့နိုင်ကြမည်ဖြစ်၍ တစ်ဦးချင်းကိုယ်စီ လုံခြုံရေးအသိ လုံခြုံရေးသတိရှိမှုဟူသည် ကောင်းမွန်သောစိတ်ဓာတ်တွင်သာ အခြေခံ ❜

## ရိုးသားမှုအရင်းခံ၍ ယုံကြည်မှုနှင့် နားလည်မှု ခြံရံနိုင်မှသာ

အယူမှန်၍ အမြင်ပါမှန်သည့်အခါ တွေးပုံခေါ်ပုံမှအစ ရိုးသားဖြောင့်မတ်နိုင်ခဲ့ကြသည်။ ရိုးသားမှုဟူသည် မှန်တာကိုသာ လုပ်တတ်ပြီး မမှန်တာဆိုရှောင်မည်ဟူ၍ မကောင်းတာ၊ မမှန်တာကို ဘယ်တော့မှမလုပ်ခြင်း ဖြစ်သည်။ တိုင်းရင်းသားအားလုံး လွတ်လပ်ရေးအတွက် လုပ်ခြင်းသည် တရားသည်၊ နိုင်ငံလွတ်မြောက်ရေး တစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် နယ်ချဲ့ကို တော်လှန်ခြင်းသည် မှန်ကန်သည်။ မှန်ကန်၍လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ထောက်ခံခဲ့ခြင်းဖြစ်ပြီး လူထု၊ လူတန်းစားအသီးသီးအကြား၊ ပါတီများအကြား၊ တိုင်းရင်းသားများအကြား ရရှိခဲ့သည့် အပြန်အလှန်နားလည်ပေးနိုင်မှုနှင့် ယုံကြည်မှုပေးနိုင်စွမ်း စသည့်အရည်အချင်းများသည် ရိုးသားမှုကို အခြေခံနိုင်ခဲ့၍သာဖြစ်သည်ကို တွေ့ရသည်။

ကိုယ့်အတွက်ထက် အများအတွက်၊ နိုင်ငံအတွက် ပေးဆပ်မည်ဆိုသည့် ခံယူချက်ကို အခြေခံပြီး တရားမျှတမှုနှင့် တစ်နိုင်ငံလုံး တိုင်းရင်းသားအားလုံး လွတ်လပ်ရေးအတွက် လိုအပ်လျှင် အသက်ပါပေးဆပ်မည်ဆိုသည့် စိတ်ဓာတ်မျိုး၊ တစ်နည်းအားဖြင့် မျိုးချစ်စိတ်ကို အခြေခံသည့် အာဇာနည်ပီသမှု၊ ထိုမျိုးချစ်စိတ်ကို အခြေခံပြီး တိုင်းရင်းသားအားလုံးညီညွတ်မှ လွတ်လပ်ရေးရမည်ဆိုတော့လည်း တိုင်းရင်းသားများပါလာအောင် စည်းရုံးနိုင်ခဲ့ကြသည်ကို တွေ့ရသည်။ ထိုစည်းလုံးမှုကပင် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးဖွားပေးခဲ့ပြီး ထိုမှတစ်ဆင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည့် သင်ခန်းစာတစ်ခုသည်ပင် အနှစ်ဖြစ်သည်။

ထိုခေတ်ထိုအခါက တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်များသည် စည်းလုံးညီညွတ်မှုမရှိ၍ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အဖြစ်ကို သိရှိပြီး စည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးကို ကောင်းစွာ နားလည်သဘောပေါက်ခဲ့ကြ၍သာ လွတ်လပ်ရေးကို အရယူပေးခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်ရေးခေါင်းဆောင်ကြီးများ အမွေပေးခဲ့သော ထိုပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် နိုင်ငံ၏အချုပ်အခြာမှာ ယနေ့အထိ တည်မြဲနေခြင်းလည်းဖြစ်သည်။

## လေ့လော်ရင်းတက်ကျိုးဆိုသလို ကြားထဲက ကာကွယ်စောင့်ရှောက်နေရ

သို့သော် ယနေ့အခြေအနေတွင်မူ အားလုံးအသိပင်ဖြစ်သည်။ လေ့လော်ရင်းတက်ကျိုးဆိုသလို နိုင်ငံရေးခရီးလမ်းကား ကြမ်းတမ်းဆဲ၊ ဆွမ်းခံရင်းငှက်သင့်ဆဲဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်နှင့် အချုပ်အခြာအာဏာကို မကျိုးမပဲ့ ခိုင်မာအောင် မနည်းကြိုးစားထိန်းသိမ်းနေရသည်။ အဓိက အင်စတီကျူးရှင်းကတော့ တပ်မတော်ပင်ဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလကတည်းက ပြည်သူကိုဦးဆောင်ခဲ့သူများသည် ကျောင်းသားဘဝ၊ သခင်ဘဝမှသည် တပ်မတော်ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်အဆင့်များအထိ တက်လှမ်းခဲ့သူများဖြစ်ခဲ့ကြသည်။ သခင်အောင်ဆန်း နိုင်ငံရေးသမားဘဝမှသည် ဗိုလ်ချုပ်အောင်ဆန်း တပ်မတော်သားဘဝ တပ်မတော်၏ ဖခင်အဖြစ် လူထုနှင့်တပ်မတော်ကိုဦးဆောင်ပြီး အသက်ကိုစတေး၍ လွတ်လပ်ရေးကို အရယူပေးခဲ့သည်မှာ အထင်ရှားဆုံးသာဓကဖြစ်ပါသည်။

အသက်သွေးချွေးများစွာစတေးပြီးမှ ရယူခဲ့ရသည့် ထိုလွတ်လပ်ရေးနှင့် အချုပ်အခြာ ထပ်မံမဆုံးရှုံးရန် တပ်မတော်ကပင် ခေတ်အဆက်ဆက် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နေရဆဲဖြစ်သည်။

မြန်မာ့သမိုင်းမှာ ထင်ရှားရှိခဲ့သည့် ညီညွတ်မှုကို ပျက်စီးစေသည့် အကွဲအပြဲများ၊ ဂိုဏ်းဂဏ အာဃာတနှင့် ဖရိုဖရဲသာဓကအဖြစ်အပျက်များကို အတိတ်ကာလ လွတ်လပ်ရေးဖခင်များက ကောင်းစွာနမူနာယူပြီးနောက် လူထုကို စည်းရုံးလှုံ့ဆော်၍ အောင်မြင်မှုရယူနိုင်ခဲ့သည့် အတွေ့အကြုံနှင့် သင်ခန်းစာများ များစွာရှိပါသည်။ သင်ခန်းစာတို့၊ အတွေ့အကြုံတို့ဟူသည် ထုတ်ယူသုံးစွဲမှုအပေါ် မူတည်၍ တန်ဖိုးခြားနားချက်ရှိပါသည်။ ပညာရှိသူနှင့် မရှိသူ၊ စေတနာရှိသူနှင့် မရှိသူအကြား၊ ငြိမ်းချမ်းလိုသူနှင့် အဖျက်သမားအကြား ကွာခြားချက်က သင်ခန်းစာကို ယူတတ်မှုနှင့် မယူတတ်မှု၊ အတွေ့အကြုံကို ထုတ်ယူအသုံးချတတ်မှု၊ မတတ်မှုအပေါ်တွင် များစွာကွာဟသွားသည်ကို ယနေ့ခေတ် မျက်မှောက်နိုင်ငံရေးအခြေအနေများက ပြနေသည်။ ထိုအချက်ကို ယနေ့ခေတ်လူငယ်များ ကောင်းစွာ သိစေလိုပါသည်။

## စိတ်ဓာတ်ကောင်းလျှင် အောင်ပွဲဆင်မှု၍ အရာရာစိတ်ဓာတ်ကောင်းကြမှသာ

အရာရာစိတ်ဓာတ်ကသာ ဦးဆောင်ပါသည်။ စိတ်ဓာတ်ကောင်းနေက ဘာလုပ်လုပ် အောင်ပွဲဆင်နိုင်မည်သာဖြစ်သည်။ စိတ်ဓာတ်မကောင်း၍ကတော့ ဘာမှအဆင်မပြေ၊ ရေတိုအတွက်တော့ ဖြစ်ချင်ဖြစ်နိုင်မည်။ မကောင်းသည့်စိတ်ဓာတ်ကို အခြေခံ၍ လုပ်ဆောင်နေသမျှ ဘယ်ခေတ်ရောက်ရောက် ဘယ်စနစ်ကျင့်သုံးသည်ဖြစ်ပါစေ ရေရှည်မှာတော့ ကျဆုံးသည်သာများသည်။ **စာမျက်နှာ ၁၁ သို့** ✪

## အထက(၉) မော်လမြိုင်၌ အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်



မော်လမြိုင် ဇူလိုင် ၁၈

မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းတွင် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အသိပညာပေး ဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက ဟောပြောပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိများနှင့် မျိုးချစ်စိတ်ဓာတ်များ ထာဝစဉ် ကိန်းအောင်းနေစေရေး ဆွေးနွေး ဟောပြောပေးပြီး ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပသည်။

ထို့နောက် မော်လမြိုင်ခရိုင် ပြန်ကြားရေးန ှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အာဇာနည်ကိုးဦး အတ္ထုပ္ပတ္တိဆိုင်ရာ အကြောင်းအရာများ၊ နယ်ချဲ့ဆန့်ကျင်ရေး သူရဲကောင်းများနှင့် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ ပါဝင်သော အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာ မှတ်သားခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



## ပဲခူးမြို့၌ အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ပဲခူး ဇူလိုင် ၁၈

ပဲခူးမြို့တွင် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး အာဇာနည်နေ့နှင့် ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့ကိုကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုများရရှိသူများအား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒဂုံတက္ကသိုလ်၌ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ဒဂုံ ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

### လက်ဆောင်ပစ္စည်းများပေးအပ်

အခမ်းအနားတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာစာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာနွယ်နွယ်အေးက အာဇာနည်တို့၏ဂုဏ်ရည်ခေါင်းစဉ်ဖြင့် အာဇာနည် ကိုးဦး၏ အတ္ထုပ္ပတ္တိများကိုပြောကြားကာ အမေးအဖြေများ မေးမြန်း၍ အဖြေမှန်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အေးမဥ္ဇူ



## မမှိတ်မသုန် စောင့်ရှောက်ကုန်လော့

❋ ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်သေး
အသက်သွေးတို့
စတေးခဲ့ရ၊ မြင်ယောင်ကလျှင်
မြန်မာ့ရှေ့ဆောင်၊ ပြည့်ခေါင်းဆောင်တို့
ပြည့်ရေးမျော်မြင် ဆွေးနွေးစဉ်၌
ယုတ်ငင်အသက်၊ လုပ်ကြံရက်မို့
ရတက်ပူလုံး၊ ကြိမ်မီးအုံးနှယ်
ပြည်လုံးပူဆွေး ရှိုက်ငိုကြွေး...။

❋ သို့နှင့်မကြာ၊ ပြည်မြန်မာဝယ်
ချုပ်ခြာပင်မ၊ လွတ်ရေးရခဲ့
သို့ရစေရေး အသက်သွေးတို့
စတေးခဲ့ရာ၊ မြင်ကြည့်ပါရင်း
ချုပ်ခြာရေးခွင့်၊ မဆုံးလင့်အောင်
ကမ်းဆင့်တာဝန်ကျေကြစို့။

❋ နောင်လာနောက်သား၊ မျိုးဆက်များတို့
စိတ်အားထက်သန်၊ ဇွဲမာန်အပြည့်
ထိထိရောက်ရောက်၊ မဖောက်မသွေ ကြိုးစားလေလော့..
မလျှော့လုံ့လ၊ ဝီရိယဖြင့်
ဆွတ်မြထုံမွှမ်း၊ လွတ်လပ်ပန်းကို
ကမ်းလက်ညီညီ စောင့်ရှောက်စို့...။

ဘိုမျိုး(ရွှေဘို)

## ဗဟန်းမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁၂)အခြေခံပညာ မူလတန်းကျောင်း၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

### ဟောပြော

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က အနာဂတ်သားကောင်းရတနာများကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေစိတ်ထား အနစ်နာခံကိုယ်ကျိုးစွန့်ပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့ပုံများ၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်းနှင့် အာဇာနည်ကိုးဦးအကြောင်းတို့ကို ကျောင်းသား ကျောင်းသူများ သိရှိစေရန် ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❂ စာမျက်နှာ ၁၀ မှ

ရိုးသားဖြောင့်မတ်မှု၊ သစ္စာရှိမှု ၊ အမြော်အမြင်ရှိမှု၊ မှန်ကန်သည့်အရာအတွက် မိမိအသက်ခန္ဓာကိုပင် ပေးဆပ်မှု အသာစံထက် အနာခံစိတ်ဓာတ်ဟူသော အာဇာနည်ပီသမှုနှင့် အာဇာနည်ဟု သတ်မှတ်ထိုက်သူများတွင် စိတ်ဓာတ်သည်သာ အခရာဖြစ်သည်။ ထိုထိုသော ပေတံများဖြင့်သာ အာဇာနည်ပီသမှုကို တိုင်းတာမည်ဆိုလျှင် လွတ်လပ်ရေးကြိုးပမ်းမှုခေတ် နောက်ပိုင်းရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာ ထပ်မံမဆုံးရှုံးစေရန် လည်းကောင်း၊ ပြည်ထောင်စုကြီး မပြိုကွဲရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲရန် လည်းကောင်း အသက်ခန္ဓာပေးဆပ်ခဲ့ကြသူ အာဇာနည်ဂုဏ်ထိုက်သူ နိုင်ငံသားကောင်းများစွာ ကျွန်တော်တို့နိုင်ငံတွင် ရှိခဲ့ကြ၊ ရှိကြဆဲဖြစ်သည်ကို လည်း မမေ့လျော့သင့်ပါပေ။

စိတ်ဓာတ်ကရှေ့ဆောင်မှုနှင့်အတူ ကောင်းမွန်သော လုပ်ဆောင်ချက်များကို မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းမှ အချို့သောလူငယ်ခေါင်းဆောင်များ၊ အချို့သော သခင်နိုင်ငံရေးခေါင်းဆောင်များနှင့် အချို့သော တပ်မတော်ခေါင်းဆောင်များ၏ စိတ်ဓာတ်နှင့် လုပ်ရပ်များက သက်သေပြခဲ့ကြပြီးဖြစ်သည် ဆိုသောအချက်ကို လေ့လာသုံးသပ်နိုင်ပါသည်။

စိတ်ဓာတ်ကောင်းလျှင် အောင်ပွဲဆင်ဟု ဆိုကြသည်။ စိတ်ဓာတ်ကောင်းကောင်းဖြင့် လုပ်မှသာ တစ်ဦးချင်းဆိုလျှင် မိမိတို့ဘဝပန်းတိုင်၊ နိုင်ငံအတွက်ဆိုလျှင် အမျိုးသားရေးရည်မှန်းချက်များ လိုရာခရီးရောက်ပါသည်။ လက်ရှိနိုင်ငံအခြေအနေအရ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် စိတ်ဓာတ်ကောင်းမွန်ဖို့က အလွန်အရေးပါနေသည်။ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့မှသာ ပြည်သူအပေါင်း စိတ်ဝမ်းနှလုံး ချမ်းမြေ့နိုင်ကြမည်ဖြစ်၍ တစ်ဦးချင်းကိုယ်စီ လုံခြုံရေး အသိ လုံခြုံရေးသတိရှိမှုဟူသည် ကောင်းမွန်သော စိတ်ဓာတ်တွင်သာ အခြေခံသည်ဟု ယူဆပါသည်။

မိမိအတွက် လုံခြုံမှုရှိခြင်းသည် အများဘေးကင်းလုံခြုံရေးကိုလည်း အထောက်အကူပြုသည်ဖြစ်၍ မိမိကစ၍ ကောင်းနေလျှင် ပတ်ဝန်းကျင်လည်း ကောင်းလာမည်ဖြစ်ပြီး လူ့အဖွဲ့အစည်းလည်း သာယာဝပြောမှုရှိလာပါမည်။ စိတ်ဓာတ်ကောင်းလျှင် အရာရာအားကောင်းလာမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံမှာကဏ္ဍအလိုက် ပါဝင်သက်ဆိုင်သူအားလုံး၏ စိတ်ဓာတ်နှင့် ခံယူချက်စေတနာသည် ပြည်သူ ပြည်သားများ၏ စားရေရိက္ခာဖူလုံပေါများရေး၊ နေရေးထိုင်ရေး ထိုမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအထိ များစွာ အထောက်အကူပြုနေပါကြောင်း တင်ပြလိုပါသည်။

အချုပ်အားဖြင့် အာဇာနည်နေ့ဝန်းကျင်ပေးလိုသည့် သတင်းစကားအများစုမှာ ယနေ့လူငယ်များအတွက်က အဓိကဖြစ်သည်။ ကိုလိုနီဘဝ လွတ်မြောက်ရေးကာလ ခေါင်းဆောင်များ၏ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည်သာ တတိယဟူသော ခိုင်မာသောယုံကြည်ချက်နှင့်ယှဉ်သော မယိမ်းမယိုင် ကြိုးပမ်းမှုများကို လေ့လာသုံးသပ်စေလိုပါသည်။ မငြိမ်းချမ်းခြင်း၏ အကျိုးဆက်နှင့် လွတ်လပ်ရေး၏ အရသာ ဘယ်လိုကွဲပြားပါသလဲ၊ ယနေ့အချိန်အခါမှာ ဘာကြောင့် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးက ပို၍အရေးကြီးနေပါသလဲ၊ ဘယ်လိုအဓိကအကြောင်းတရားတွေက လွတ်လပ်ရေးကို ဆုံးရှုံးနိုင်စေသလဲ နားလည်ရန် လိုအပ်သည်ဟု ယူဆပါသည်။

ပညာနှင့် စေတနာ အရေးပါပုံကိုလည်း ဖော်ထုတ်ပြီး အပြုသမားနှင့် အဖျက်သမားကိုလည်း ကောင်းစွာခွဲခြားတတ်ရန်လည်း လိုပါလိမ့်မည်။ ထို့ကြောင့်လည်း ထိုထိုသော အကြောင်းအချက်များနှင့်ထပ်တူ ကျွန်တော်တို့အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်ရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ညီညွတ်ရေးသည် တတိယဟုခံယူပြီး စိတ်ဓာတ်ကောင်းကောင်းဖြင့် အရာရာအောင်ပွဲဆင်နိုင်အောင် ကြိုးပမ်းကြပါစို့ဟူ၍သာ ရေးသားဖော်ပြလိုက်ရပါသည်။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၈-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၇-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၈-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၈၁)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၄)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၈-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၉၁)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၈-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း (၈၈၃)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့်သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

ကျိုင်းတုံ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကျိုင်းတုံ)ရုံး၌ ကျင်းပခဲ့သည်။

ဦးစွာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အမှာစကားပြောကြားပြီး ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေး/ကူးစက်) ဒေါက်တာလင်းထွဋ်ဦးတို့က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အသိပညာပေး ဆွေးနွေးတင်ပြရာ ဆွေးနွေးပွဲတက်ရောက်လာကြသည့် နှီးနွှယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာများ၊ ဆောင်ရန်/ ရှောင်ရန်အချက်များနှင့် ပတ်သက်၍ ဆွေးနွေးရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်ဒုတိယအဆင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကို ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကျိုင်းတုံ)ရုံးတွင် ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဒုတိယအဆင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက ကျိုင်းတုံမြို့အထင်ကရ သာသနာ့ဗိမာန်တော်ကြီးပြုပြင်ရေး၊ မြို့တွင်းလမ်းများ ကောင်းမွန်ရေးနှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများ၊ ဒေသအတွင်း စာကြည့်တိုက်များ တည်ဆောက်ရေးဆိုင်ရာ၊ အားကစားနှင့်ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။ ဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**




### မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

## အခြေခံပညာအထက်တန်းကျောင်း(ပေါက်ခေါင်း)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန်နှင့်စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲက အထက(ပေါက်ခေါင်း) ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ကျောင်းသား ကျောင်းသူလူငယ်မောင်မယ်များ အသိပညာများတိုးတက်လာစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲရှိတတ်စေရန်၊ လူငယ်အချင်းချင်း ရင်းနှီးချစ်ခင်မှုများ တိုးပွားလာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးညွှန့်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ဆွေးနွေးပွဲစတင်ကျင်းပရာ လူငယ်နှင့်စာကြည့်တိုက် ခေါင်းစဉ်ဖြင့် Grade-11(A)မှ မသဉ္ဇာအောင်က လည်းကောင်း၊ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် Grade-11(A)မှ မခင်ချမ်းမြေ့ဗိုလ်က လည်းကောင်း၊ လူငယ်နှင့်စည်းကမ်း ခေါင်းစဉ်ဖြင့် Grade-11(A)မှ မောင်လင်းခန့်ကိုကိုက လည်းကောင်း၊ လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် Grade-11(B)မှ မောင်ဇင်သူမောင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးပြောကြားမှုများအပေါ် သိရှိလိုသည့်မေးခွန်းများကို ကျောင်းသား ကျောင်းသူများက မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။



အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုနှင့်မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်များ ပြသပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

# အမေရိကန်နိုင်ငံအတွင်း သေနတ်ထိန်းချုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်း၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကို ပြန်လည်စတင်လျက်ရှိပြီး နိုင်ငံအတွင်း၌ သေနတ်ထိန်းချုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးပေး ပြောကြားသည်။

ဘိုင်ဒင်သည် နိုဝင်ဘာ သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲရရှိရန်အတွက် အဓိကပြည်နယ်တစ်ခုဖြစ်သည့် နီဗားဒါးပြည်နယ်သို့ ဇူလိုင် ၁၆ ရက်က သွားရောက်ကာ ၎င်း၏မဲဆွယ်စည်းရုံးရေးကို ဆောင်ရွက်ခဲ့သည်။

ပြိုင်ဘက် သမ္မတဟောင်း ဒေါ်နယ် ထရမ့်ကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် ၎င်း၏ မဲဆွယ်စည်းရုံးရေးဟောပြောမှုကို ယာယီရပ်ဆိုင်းခဲ့သည်။

အဆိုပါ ဖြစ်ရပ်ဖြစ်ပွားပြီးနောက် ဘိုင်ဒင်၏ မဲဆွယ်စည်းရုံးရေးအတွက် နီဗားဒါးပြည်နယ်၌ လုံခြုံရေးကို တိုးမြှင့်ချထားကြောင်း သိရသည်။

“ဒီနိုင်ငံမှာ အရေးကြီးတဲ့ စကားဝိုင်းတစ်ခုအတွက် လုပ်ဆောင်သင့်ပြီ။ အမေရိကမှာ ငါတို့က ရန်သူတွေမဟုတ်ဘူး။ ငါတို့က အပေါင်းအသင်း မိတ်ဆွေတွေဖြစ်တယ်”ဟု သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

“အကြမ်းဖက်မှုအကြောင်း ပြောရင် သေနတ်တွေအကြောင်း ပြောနေရလိမ့်မယ်။ အကြမ်းဖက်မှုကို ဆန့်ကျင်ချင်တယ်ဆိုရင်တော့ အမေရိကရဲ့ လမ်းမတွေပေါ်မှာ သေနတ်ကိုင်ဆောင်မှုတွေကို ရပ်တန့်ဖို့ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်”ဟု ဘိုင်ဒင်က ဆက်လက်ပြောသည်။

ထရမ့်အား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် နိုင်ငံအတွင်း သေနတ်ကိုင်ဆောင်ခြင်းကို ထိန်းချုပ်ရန် လိုအပ်ကြောင်း ဘိုင်ဒင်က ပြောကြားခြင်းဖြစ်သည်။ သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် ၎င်း၏ ဒီမိုကရက်တစ်ပါတီက ဆက်တိုက်တောင်းဆိုလျက်ရှိသော်လည်း သမ္မတ ဂျိုးဘိုင်ဒင်သည် နီဗားဒါးပြည်နယ်၌ မဲဆွယ်စည်းရုံးရေး ဟောပြောမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ ဘာသာပြန်-အောင်ကျော်ကျော်**





# ဂူဂဲလ်နှင့်မိုက်ခရိုဆော့ဖ်တို့ သတင်းမူပိုင်ခွင့် ချိုးဖောက်နေဟု ဂျပန်မီဒီယာအဖွဲ့ ပြောကြား

**တိုကျို ဇူလိုင် ၁၈**

အမေရိကန်နည်းပညာကုမ္ပဏီများဖြစ်သည့် ဂူဂဲလ်နှင့် မိုက်ခရိုဆော့ဖ်တို့ သတင်းမူပိုင်ခွင့်များ ချိုးဖောက်နေကြကြောင်း ဂျပန်သတင်းစာထုတ်ဝေသူနှင့် အယ်ဒီတာများအဖွဲ့က ပြောကြားခဲ့သည်ဟု ယနေ့ကျိုဒိုနယူးစ်သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သတင်းဆောင်းပါးကဲ့သို့သော ရေးသားချက်များကို သတင်းဌာနများမှ ရယူရေးသားသည့်အခါတွင် သက်ဆိုင်ရာသတင်းဌာနများ၏ ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်း ယင်းအဖွဲ့အစည်းက ပြောကြားသည်။

သတင်းရေးသူများအား သတင်းဝက်ဘ်ဆိုက်များတွင် ခွင့်ပြုချက်တောင်းခံခြင်းမပြုဘဲ ဝင်ရောက်နိုင်ရန် ဂူဂဲလ်နှင့် မိုက်ခရိုဆော့ဖ်က အကူအညီပေးနေခြင်းသည် သတင်းမူပိုင်ခွင့်များကို ချိုးဖောက်ရုံသာမက တရားမဝင်သတင်းရှာဖွေသူများ၏ လိုရာဆွဲပြင်ဆင်ရေးသားသည့် သတင်းများကြောင့် သက်ဆိုင်ရာသတင်းဌာန၏ ဂုဏ်သိက္ခာကို ကျဆင်းစေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**နည်းပညာကုမ္ပဏီများ တာဝန်ခံမှုရှိသင့်**

အမေရိကန်နည်းပညာကုမ္ပဏီများက တီထွင်သည့် ဉာဏ်ရည်တုနည်းပညာသုံး သတင်းအချက်အလက်ရှာဖွေရေးစနစ်သည် သတင်းဌာနများမှ သတင်းဆောင်းပါးများကို ပြန်လည်ပြင်ဆင်တည်းဖြတ်ပြီး မသင့်လျော်သည့်နည်းဖြင့် ပြန်လည်ဖော်ပြခဲ့ရာတွင် သက်ဆိုင်ရာသတင်းဌာနများအတွက် နစ်နာမှုများရှိသဖြင့် အမေရိကန်နည်းပညာကုမ္ပဏီများအနေဖြင့် နည်းပညာပိုင်းဆိုင်ရာတွင် တာဝန်ခံမှုရှိသင့်ကြောင်း ယင်းအဖွဲ့အစည်းက ပြောကြားသည်။

**ကိုးကား-ကျိုဒိုနယူးစ်၊ ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး ဆောင်ရွက်

**ဂျကာတာ ဇူလိုင် ၁၈**

အင်ဒိုနီးရှားနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်အတွက် အစိမ်းရောင်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများတွင် ငွေကြေးရင်းနှီးမြှုပ်နှံရန် ရင်းနှီးမြှုပ်နှံသူများကို တိုက်တွန်းခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု သုညအဆင့်ရောက်ရှိရေးအတွက် ရင်းနှီးမြှုပ်နှံရန် ရန်ပုံငွေ ကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံလိုအပ်နေပြီး ကနဦးအဖြစ် ကန်ဒေါ်လာ ၂၈၁ ဘီလီယံကို အဆိုပါစီမံကိန်းများတွင်ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Airlangga Hartarto က ပြောကြားသည်။

ယင်းစီမံကိန်းများတွင် နိုင်ငံအလယ်ပိုင်းဂျာဗားပြည်နယ် ဆီလာကတ်ဒေသနှင့် တောင်ဆူမားတြားပြည်နယ် ပလာဂျူတွင် ဟင်းသီးဟင်းရွက်မှ ဇီဝလောင်စာထုတ်လုပ်သည့် စီမံကိန်းများပါဝင်သည်။ အစိမ်းရောင်ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံအတွင်း သန့်ရှင်းသည့် စွမ်းအင်နှင့် စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အအုံများ ရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်း ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရေးအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လုပ်ရေးကို ဆောင်ရွက်မည်ဟုလည်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးအတွက် လိုအပ်သည့် အရင်းအမြစ်များစွာရှိကြောင်း အင်ဒိုနီးရှားရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန တာဝန်ရှိသူ Rachmat Kaimuddin က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ရှိ ဇိမ်ခံဟိုတယ်တစ်ခုတွင် ဆိုက်ယာနိုက်အဆိပ်သင့်မှုကြောင့် နိုင်ငံခြားသားခြောက်ဦး သေဆုံး



**ဗန်ကောက် ဇူလိုင် ၁၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ရှိ ဇိမ်ခံဟိုတယ်တစ်ခုတွင် ဇူလိုင် ၁၆ ရက်က ဆိုက်ယာနိုက်အဆိပ်သင့်မှုကြောင့် နိုင်ငံခြားသားခြောက်ဦး သေဆုံးခဲ့ကြောင်း ထိုင်းရဲအရာရှိများက ပြောသည်။

သေဆုံးသူများမှာ အသက် ၃၀ မှ ၅၀ အတွင်း ဗီယက်နမ်နွယ်ဖွား အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦးတို့ဖြစ်သည်။ ၎င်းတို့အနက် နှစ်ဦးသည် အမေရိကန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားကြောင်း သိရသည်။

ဟိုတယ်ခန်းတွင်းရှိ ၎င်းတို့ သောက်သုံးပြီးသည့် ကော်ဖီခွက်ခြောက်ခွက်နှင့် သေဆုံးသူ အမျိုးသားတစ်ဦးထံမှ ရယူထားသည့် သွေးနမူနာအရ ဆိုက်ယာနိုက်အဆိပ်သင့်မှုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အလောင်းများတွင် ထင်ရှားသော ဒဏ်ရာများမရှိကြောင်းနှင့် ရုန်းရင်းဆန်ခတ်ပြုလုပ်သည့် လက္ခဏာများ မတွေ့ရှိရကြောင်း စုံစမ်းရေးမှူးများက ပြောသည်။

၎င်းတို့ ခြောက်ဦးသည် အဆိပ်သင့်၍ သေဆုံးဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသော်လည်း အဆိုပါအဆိပ်သင့်မှုအတွက် မသင်္ကာဖွယ်ရာ အထောက်အထားတစ်စုံတစ်ရာ မတွေ့ရှိသေးကြောင်း သိရသည်။

ဝန်ကြီးချုပ် သာဗီဆင်က ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး အမြန်ဆုံးစုံစမ်းစစ်ဆေးရန် တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ ဘာသာပြန်-အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံ၌ ရှားပါးမျိုးစိတ်ဝင် ထိုင်းမိကျောင်းအသိုက်များတွေ့ရှိ

**ဖနောင်ပင် ဇူလိုင် ၁၈**

ကမ္ဘောဒီးယားနိုင်ငံ ကာဒါမွန် အမျိုးသားဥယျာဉ်၌ ရှားပါးမျိုးစိတ်ဝင် ထိုင်းမိကျောင်းများပေါက်ဖွားရာ အသိုက်ငါးခုကို တွေ့ရှိခဲ့ရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုတစ်စု၏ ယနေ့တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ယင်းအသိုက်များတွင် မိကျောင်းဥ ၁၀၆ ဥကို တွေ့ရှိခဲ့ရပြီး ယင်းတို့အနက် ၆၆ ဥမှာ အကောင်ပေါက်လာသဖြင့် မိကျောင်းသားပေါက်များအား ဥယျာဉ်ရှိ သစ်တောဝန်ထမ်းများက စောင့်ရှောက်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထိုင်းမိကျောင်းမျိုးစိတ်များကို အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သမဂ္ဂက ရှားပါးမျိုးစိတ်ဝင် သတ္တဝါများအဖြစ် သတ်မှတ်ထားပြီး ကမ္ဘာပေါ်တွင်ကောင်ရေ ၁၀၀၀ ခန့်ရှိကာ ကမ္ဘောဒီးယားနိုင်ငံ၌ ကောင်ရေ ၃၀၀ ခန့်ရှိကြောင်း သိရသည်။

ထိုင်းမိကျောင်းမျိုးစိတ်သည် ဂေဟစနစ်အတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ရပ်တည်နေပြီး ကမ္ဘောဒီးယားနိုင်ငံရှိ ကာဒါမွန် အမျိုးသားဥယျာဉ်နှင့် အခြားတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်သည့်နေရာများတွင် ယခုကဲ့သို့ ရှားပါးမျိုးစိတ်ဝင် တိရစ္ဆာန်များရှိနေခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး အန်းဆိုဖီလက်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာရှိ ဇော်မင်းနိုင်(ခ)ဇော်ခိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ချင်တွင်း(၃)လမ်းရှိ ဇင်မင်းဦး(ခ)ကတုံး၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလိုကို လည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၈နာရီတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် အောင်ထက်ကိုကို မောင်းနှင်ပြီး နိုင်ထွန်း(ခ)နိုင်နိုင်ထွန်း၊ ခွန်းအောင်(ခ)အောင်ဟိန်းနှင့် သန်းထွန်းလင်း တို့ လိုက်ပါလာသည့် HINO PROFIA ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ကီလို ၅၂၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက်များ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် သက်ပိုင်စိုး(ခ)သက်ပိုင် ကို ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ ၂၀ မိုင် စစ်ဆေးရေးဂိတ်တွင် လည်းကောင်း၊ နန်းဦးနှင့် ထက်လင်း တို့ကို ည ၈ နာရီတွင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်တွင် လည်းကောင်း။



နန်းဦး၊ ထက်လင်း၊ သက်ပိုင်စိုး(ခ)သက်ပိုင်၊ သန်းထွန်းလင်း၊ ခွန်းအောင်(ခ)အောင်ဟိန်း၊ နိုင်ထွန်း(ခ)နိုင်နိုင်ထွန်းနှင့် အောင်ထက်ကိုကို တို့အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ည ၉ နာရီတွင် ကျောက်ဆည်မြို့နယ် သံကျေးရွာအုပ်စု သံကျေးရွာအနီးတွင် နိုင်ဝင်း မောင်းနှင်ပြီး အေးကိုဝင်း လိုက်ပါလာသည့် SAMSUNG ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဓာတုပစ္စည်း HYDROGEN PEROXIDE လီတာ ၆၈၀၀၊ CAUSTIC SODA ၄၁၂၅ ကီလိုကို လည်းကောင်း၊

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၉ လမ်း၊ ၅၃ x ၅၄ လမ်းကြားရှိ မောင်မောင်ခင်နှင့် ကျင်ရှန်(ခ)အားယုံတို့ တည်းခိုနေထိုင်သည့် ဟိုတယ်အခန်းအမှတ်(၄၁၁)သို့ ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် ၁ ဒသမ ၀၈၅ ကီလို၊ ကက်တမင်း ၅ ဒသမ ၅၅ ကီလို၊ အက်တက်စီဆေးပြား ၁၆၁၅၀၊ Happy Water သုည ဒသမ ၃၁၉ ကီလိုနှင့် မြန်မာငွေကျပ် ၁ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Wit-Yi73” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့သစ်ရပ်ကွက်နေ ဝတ်ရည်အား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ်၌ ဥပဒေရေးရာနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**သံဖြူဇရပ် ဇူလိုင် ၁၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ဥပဒေရေးရာနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို မြို့နယ်ဥပဒေရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ပူးပေါင်း၍ ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက အထက(ပင)ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး မြင့်ဇော်ဦးက မူးယစ်တပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များနှင့် ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြစေရေးပြောကြားပြီး ခေတ္တစခန်းမှူး ဒုရဲမှူးသန်းတင့်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိဦးအောင်ကောင်းက ဥပဒေဆိုင်ရာ သိကောင်းစရာများဖြစ်သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေနှင့် ဥပဒေဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၇-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓပရိတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၄၅ ၂၀၂၄ခုနှစ်(၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၀၉:၃၀ အာဇာနည်ဟူသောဂုဏ်အင်
- ၀၉:၅၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၂၅ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ရုပ်ပုံ
- ၁၀:၃၅ အာဇာနည်နေ့ဂါဝရပြု Countdown အစီအစဉ် (ဗိုလ်ချုပ်အောင်ဆန်းနှင့်ကျဆုံးလေပြီးသောအာဇာနည်ခေါင်းဆောင်ကြီးများအားဂါရဝပြုအစီအစဉ်)
- ၁၀:၅၀ လူမှုစီးပွားသတင်းများ
- ၁၁:၃၅ ဝါဆိုလဘွဲ့တေးများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **“အမုန်း၏အလွန်”** (အပိုင်း-၁၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **“တောက်ပသောနေ့ရက်များဆီသို့”** (အပိုင်း-၂၈)
- ၁၅:၀၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၅၀ မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအငွေ
- ၁၇:၀၅ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **“အမုန်း၏အလွန်”** (အပိုင်း-၁၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ “ဝါဆိုမေတ္တာတေးသံသာ” တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၂၀ မြန်မာဇာတ်လမ်းတွဲ **“အုံ့ဘွယ်ချစ်ပုံပြင်”** (အပိုင်း-၄)

### mitv

- 07:02 Evergreen Classic: Dhamma Settkyar (Nan Sandi) (Full Moon Day of Waso)
- 07:11 Artist Life: Designer Nay Chi Win Lai Yee
- 07:28 Waso Charity Feast
- 07:49 Pork - Tha Khut Curry
- 08:01 News
- 08:27 Asia Updates: Tsunami Prediction
- 08:42 The Boat Trip to the Three Islands Around Ngwe Saung
- 09:01 Traditional Myanmar Theatrical Performance: Eain Mhat Pan Che (Symphony Orchestra)
- 09:09 A Visit to the General Aung San Museum
- 09:43 Inside Myanmar: Int'l Theravada Buddhist Missionary University 22nd Convocation Ceremony
- 10:01 News
- 10:26 Lessons Learnt from History

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
၂၀၂၄ခုနှစ်(၇၇) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
၂၀၂၄ခုနှစ်(၇၇) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ဥဩ Count Down

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစိုလေရိုးရာအမွေ

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဟံသာဝတီပဲခူး

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
တောင်ပေါ်ကွမ်းအကြောင်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကျောက်ကပ်ရောဂါအကြောင်း သိကောင်းစရာများ

**ချင်း (လိုင်စိုး) (၁၇:၀၀ မှ ၁၈:၀၀)**
ကျန်းမာရေးအတွက် ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်း(ချိုး) ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အစိုပွဲယ်များ

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
မွန်ရိုးရာကြက်သားမရမ်းပြားချက်

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
နည်းပညာနှင့်သုတကမ္ဘာ (စက်ဘီးတီထွင်သူများ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လွယ်လွယ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ၂၀၂၄ခုနှစ်(၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၇:၃၀ အဖွင့်၊ အလံ
- ၀၇:၄၅ ၂၀၂၄ခုနှစ်(၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၀၉:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၈)
- ၁၈:၀၀ Economic Review “AT Governance”

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ သုတပဒေသာ စိုက်ပျိုးနည်းပညာ စီးပွားဖြစ်ကာစိတ်ချမ်းသာ ကော်ဖီစိုက်ပျိုးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ “စိုက်ပျိုးမွေးမြူသုတဘဏ်” ဝနစ်တကျပုစွန်မွေးမြူရေးနှင့် ဈေးကွက် အလားအလာ
- ၁၈:၀၀ News Flash (New)
- ၁၉:၀၀ Aseroid city (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Creating Your Own Fertility| Successes and Challenges at Assawaga Farm

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Socer View
- ၁၆:၁၅ Caryin (Football Player)
- ၀၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနား တက်ရောက်



**ထားဝယ် ဇူလိုင် ၁၈**

တနင်္သာရီ တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု၊ မုန်တိုင်းဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်မှုဖြင့် တနင်္သာရီ တိုင်းဒေသကြီး မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ထားဝယ်မြို့ ကမြောကင်းတံတားအနီး ထားဝယ်မြစ်အတွင်း ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးသည်။

ထိုသို့ဇာတ်တိုက်လေ့ကျင့်ခြင်းတွင် ပူးပေါင်းအဖွဲ့များက သစ်ပင်လဲကျပိတ်မိနေသော ယာဉ်ပေါ်မှ ပိတ်မိနေသူအား Hydraulic Cutter အသုံးပြု၍ ယာဉ်၏ပြင်ပသို့ ကယ်ထုတ်ခြင်း၊ ရေကြီးရေလျှံမှုကြောင့် မြစ်အတွင်း စက်လှေတိမ်းမှောက်ကာ ရေနစ်နေသူများနှင့် ရေတွင်မျောပါလာသူများအား ကယ်ဆယ်ခြင်း၊ အသက်ကယ်ဖော အသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများအနက် အရေးပေါ်လူနာ၊ အရေးကြီးလူနာ၊ သာမန်လူနာများ ခွဲခြား၍ ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ ပို့ဆောင်ခြင်း၊ ကျန်ရှိ/ ပျောက်ဆုံးပြည်သူများ ရှိ/ မရှိကို စာရင်းကောက်ယူ စိစစ်ဆောင်ရွက်ခြင်း စသည့်တို့ကို အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးရန် ဇာတ်တိုက်လေ့ကျင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအနေဖြင့် မုတ်သုံရာသီတွင် ဘင်္ဂလားပင်လယ်အော်မှတစ်ဆင့် အားအလွန် ကောင်းသော မုန်တိုင်းငယ် ဖြစ်ပေါ်လာနိုင်ပြီး ပင်လယ်ကမ်းရိုးတန်းရှိ ငါးဖမ်းစက်လှေများ၊ ခရီးသွားလာသူများအနေဖြင့် ဘေးအန္တရာယ်ကြုံလာနိုင်ကြောင်း၊ တိုင်းဒေသကြီးသည် မိုးများသောဒေသဖြစ်သည့်အတွက် မြေပြိုမှုများ၊ တာတမံပြိုကျမှုများ ဖြစ်ပေါ်နိုင်ပြီး အသက်အန္တရာယ်ရှိနိုင်ကြောင်း၊ အထူးသဖြင့်ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကျွန်းများရှိ ဆောက်လုပ်ထားသောနေအိမ်များ ရေလွှမ်းပြီး ပြိုကျမှုများ ကြုံတွေ့လာနိုင်ကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍ မဖြစ်ခင် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ဖြစ်ပွားနေစဉ် ကာလအတွင်း ကယ်ဆယ်ရေး လုပ်ငန်းများ၊ ဖြစ်ပွားပြီးပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာ/ အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများတွင် တိုင်းဒေသကြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းပါဝင်သူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး



**ညောင်တုန်း ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ဈေးများ၊ သင်္ဘောဆိပ်များနှင့် လူစည်ကားရာနေရာများတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်သဘာဝဘေးကာကွယ်ရေးစီမံခန့်ခွဲမှုကော်မတီဝင်များက ရေဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်ချိန်တွင် လိုက်နာရန်နှင့် ရှောင်ရှားရန်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်နှင့် ရှောင်ရှားရန်အချက်များ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ဆက်သွယ်ရမည့်လိပ်စာနှင့် ဖုန်းနံပါတ်များ စသည့်ရေဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အကြောင်းအရာများကို အသိပညာပေးနှိုးဆော်ခဲ့ပြီး ရေဘေးအန္တရာယ် ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဇူလိုင် ၁၈**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**



# ဗဟန်းမြို့နယ်၌ (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

(၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာ ဦးဟိန်းဇေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် အမက (၁၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့မွေးတို့က ဟောပြောကြသည်။

ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး တက်ရောက်လာသောကျောင်းသား၊ကျောင်းသူများက အာဇာနည်နေ့အထိမ်းအမှတ်နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယမန်နေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်း၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ကျောင်းဝင်းအတွင်းရှိ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ ဝန်ထမ်းလိုင်းခန်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ရေစည်၊ ရေအိုး၊ ရေကန်များထဲသို့ အဘိတ်ဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်အတွက် အသိပညာပေး ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

# ဟသ်ာတမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း(အခြေခံ)ဖွင့်ပွဲ ကျင်းပ

ဟသ်ာတ ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကညင်ငူကျေးရွာအုပ်စု အုတ်ပုံကျေးရွာ၌ ဟသ်ာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကကြီးမှူး၍ အမျိုးသမီးများ ဝင်ငွေတိုးရေးဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း (အခြေခံ)ဖွင့်ပွဲကို ဇူလိုင် ၁၅ ရက်က အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မာထွေးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် အသေးစားစက်မှုလက်မှု လုပ်ငန်း၏ အုတ်ပုံကျေးရွာ ဘဏ္ဍာရေးတာဝန်ခံ ဦးဝင်းစိုးက သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား ခြင်း၊ ဟသ်ာတခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်း နည်းပြများက မိတ်ဆက်စကားပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါသင်တန်းကို ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သင်တန်းသူ ၁၀ ဦးအား စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**ကိုဇော်(ဟသ်ာတ)**

# ကော့သောင်းမြို့နယ်၌ စက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

ကော့သောင်း ဇူလိုင် ၁၈

ကော့သောင်းခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်း အနားကို ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာ ဗုဒ္ဓါနုဿတိ ပရိယတ္တိစာသင်တိုက်၌ ဇူလိုင် ၁၆ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ကော့သောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က သင်တန်းဖွင့်အမှာ စကား ပြောကြားသည်။

ယင်းနောက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးထက်အောင်က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က စီမံကိန်းလုပ်ငန်း အကောင် အထည်ဖော်ရေး ကော်မတီအဖွဲ့ ခေါင်းဆောင်အား စီမံကိန်းနှင့် ပတ်သက်သည့် အချက်အလက် များ ပေးအပ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက သင်တန်းသုံး သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် အကောင်ထည်ဖော် ဆောင်ရွက်သည့် "အမျိုးသမီးများ အတွက် ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်း" စက်ချုပ် သင်တန်းကို သင်တန်းသူ ၁၅ ဦး ဖြင့် နှစ်လကြာ ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရွှေရင်အေးဈေး သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တွင်"ရွှေရင်အေးဈေး" သမဝါယမအသင်းလီမိတက်၏ အရပ်ရပ် ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၇ ရက်က အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ "ရွှေရင်အေးဈေး" သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ်သမဝါယမဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်တို့က အမှာ စကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့ ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု စာရင်းများ အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကာ သဘာပတိက နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၈၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၃၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်ပြိုင်ပွဲ ကျင်းပ

လှည်းကူး ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လှည်းကူးပညာရေး ဒီဂရီကောလိပ်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းမှတ် ကျောင်းကောင်စီအသင်းလိုက် နံရံကပ်စာစောင်ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်က ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

**အသင်းလိုက်ယှဉ်ပြိုင်**

ပြိုင်ပွဲတွင် လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက ကျောင်းကောင်စီအသင်းလိုက်ယှဉ်ပြိုင်ကြရာ ဗန္ဓုလ အသင်းက "အာဇာနည်နေ့ဒို့မမေ့"၊ ကျန်စစ်သားအသင်းက "အာဇာနည် နေ့မှသည် နောင်အနာဂတ်ဆီသို့"၊ အနော်ရထာအသင်းက "မမေ့စဉ်လာအာဇာနည်နေ့ချိန်ခါ"၊ ဘုရင့်နောင်အသင်းက "လွမ်းမောတမ်းတ ဇူလိုင်လ"၊ အလောင်းဘုရားအသင်းက "လွမ်းရပြန်ပြီ အာဇာနည်" စသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဗန္ဓုလအသင်းက ပထမ၊ ကျန်စစ်သားအသင်းက ဒုတိယ၊ အနော်ရထာအသင်းက တတိယ၊ ဘုရင့်နောင်အသင်းနှင့် အလောင်းဘုရားအသင်းက နှစ်သိမ့်ဆုများ ရရှိခဲ့သည်။ အဆိုပါ အခမ်းအနားသို့ လှည်းကူးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# လေးမျက်နှာမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ ဟောပြောပွဲကျင်းပ

လေးမျက်နှာ ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အထက လေးမျက်နှာကျောင်းခန်းမ၌ ကျောင်းသား ကျောင်းသူများ အသိပညာ တိုးပွားစေရန်၊ ဗလငါးတန်ပြည့်စုံစေရန်၊ ကျောင်းစာအပြင် ပြင်ပ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် အာဇာနည်နေ့ ဟောပြောပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက နိုင်ငံတော်အလံကိုအလေးပြုပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်ချိုချိုမာက ဟောပြောပွဲကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆရာမဒေါ်အုံးမေသန်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ဆရာဦးခင်ထွန်းက ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝ မှစ၍ လေးစားအတုယူဂုဏ်ယူဖွယ်ဂုဏ်အင်များကို အချက်အလက် စုံလင်စွာဖြင့် ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးသက်ကို(ပြန်/ဆက်)**





# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြစ်ရေဝင်ရောက်သည့်မြို့များအား လိုက်လံကြည့်ရှုစစ်ဆေး၊ ထောက်ပံ့ပစ္စည်းများပေးအပ်

ပုသိမ် ဇူလိုင် ၁၈

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ငဝန်မြစ်ကမ်းဘေးရှိမြို့များ၌ မြစ်ရေဝင်ရောက်မှုနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဟင်္သာတခရိုင် လေးမျက်နှာမြို့ ခတ္တာကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်စေတုမုခထူပါရုံ ဘုရားကြီး ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားကြရန်၊ သဲအိတ်များကြိုတင်စုဆောင်းထားကြရန်မှာကြားခဲ့ပြီး ဟင်္သာတမြို့နယ် ပဲကြီးကျွန်းအုပ်စု ကုက္ကိုစုရွာ ငွေသောင်ယံဘုန်းတော်ကြီးကျောင်းတွင် ရေဘေးသင့်အိမ်ထောင်စုများနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံအားပေးစကားပြောကြားကာထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။ ဆက်လက်၍ လက်ပံလှကျေးရွာအုပ်စု လက်ပံလှဘုန်းတော်ကြီးကျောင်းနှင့် သက္ကယ်ပြင်ကျေးရွာအုပ်စု သဲထုံးရွာ သာသနာ့



အောင်မြေဘုန်းတော်ကြီးကျောင်းတို့တွင် ရေဘေးသင့်အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရန်၊ ရေကြီးမှု၏နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးဂရုစိုက်ကြရန်၊ ရေသန့်ဆေးပြားများ ဖြန့်ဝေပေးပြီး စနစ်တကျအသုံးပြုစေရေး၊ အခြေခံပညာစာသင်ကျောင်းအချို့ ရေကြီးနစ်မြုပ်သဖြင့် ကျောင်းသား ကျောင်းသူများ သွားလာရခက်ခဲသည့် စာသင်ကျောင်းများအား ခေတ္တယာယီပိတ်ထားရကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်များထက် မြစ်ရေကြီးမြင့်နိုင်သောကြောင့် ဂရုပြုဆောင်ရွက်ကြရန်နှင့် အရေးပေါ်ဆက်သွယ်ရေးဖုန်းလိုင်းများ အချိန်နှင့်တစ်ပြေးညီ အချိတ်အဆက်မိစေရေး လိုအပ်သည်များဖြည့်စွက်မှာကြားပြီး ရေဘေးသင့်အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ဆန်လေးပြည်၊ ဆီတစ်ပိဿာ၊ ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် နှစ်ထုပ်၊ ရေသန့်ငါးဘူးနှင့် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးပစ္စည်းများ၊ ရေသန့်ဆေးကတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဟင်္သာတခရိုင် ဆည်မြောင်းရိပ်သာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘိုဘိုကျော်နှင့်အဖွဲ့အား တွေ့ဆုံကာ မြစ်ရေရောက်ရှိလာနိုင်မှုနှင့် မြစ်ကမ်းထိန်းတာများကြံ့ခိုင်ရေး လူ၊ ပစ္စည်းအသင့်စုဖွဲ့ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအားညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဈေးကွက်အတွင်း ဝယ်ယူရခက်ခဲသည့် ဆေးဝါးများ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ကုမ္ပဏီဖြန့်ဈေးအတိုင်း ရောင်းချပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီးရှိမြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရုံးတွင် ပြည်သူများဈေးကွက်အတွင်း ဝယ်ယူရခက်ခဲသည့် ဆေးဝါးများကိုဆေးကုမ္ပဏီများ၏ ဖြန့်ဈေးအတိုင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာ ဝင်းကြိုင်ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဆေးဝါးဈေးကွက်အတွင်း ဝယ်ယူရခက်ခဲသည့် ဆေးဝါးများကို ဇူလိုင် ၁၇ ရက်မှ စတင်ကာ ဆေးနှင့် ဆေးပစ္စည်းတင်သွင်းသည့် ကုမ္ပဏီ ၄၀ မှ ဆေးဝါးဈေးကွက်အတွင်း ဖြန့်ဖြူးပေးနေသည့် ဈေးနှုန်းများဖြင့် ရောင်းချပေးနေခြင်း ဖြစ်သည်။

"ဈေးကွက်ထဲမှာ ရှာရခက်နေတဲ့ ဆေးဝါးတွေ ကို မိမိသောက်နေကျဆေးတွေ၊ ဆေးကတ်တွေ၊ ဆေးဘူးတွေ၊ လူနာမှတ်တမ်းတွေယူလာပြီး လာရောက်ဝယ်ယူလို့ရပါတယ်။ လူနာတွေ ဆေးဝယ်မှားတာတို့၊ မသိတာတို့ ဖြစ်မှာစိုးရင် Medical Team ထားပေးထားတယ်။ ဒ့ါအပြင် လူနာသောက်နေကျဆေးက ရှာမရဘူး၊ ဈေးအလွန်ကြီးတယ်ဆိုရင် အစားထိုးသောက်နိုင်တဲ့ အလားတူ ဈေးချိုတဲ့ ဆေးများကိုလည်း Help Centre Medical Team က အကြံပေးလျက်ရှိပါတယ်"ဟု ဒေါက်တာ ဝင်းကြိုင်က ပြောသည်။



ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရုံးတွင် ပြုလုပ်သည့် ဆေးရောင်းပွဲတွင် လာရောက်ဝယ်ယူနေသည့် ပြည်သူများကို တွေ့ရစဉ်။

ယင်းကဲ့သို့ ဆေးဝါးဈေးကွက်အတွင်း ဝယ်ယူရခက်ခဲသည့် ဆေးဝါးများကိုဆေးကုမ္ပဏီများက ဖြန့်ဈေးအတိုင်း ရောင်းချပေးမည့် အစီအစဉ်ကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

လက်ရှိ ဆေးရောင်းပွဲတွင် အခြေခံအိမ်သုံးဆေးဝါးများအပြင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာဆေး၊ ပိုးသတ်ဆေး၊ အရိုးနှင့် အကြောအထောက်အကူပြု ပစ္စည်းများကို ရောင်းချပေးနေသည်ဟုလည်း သိရသည်။

ASH



# ထန်းတပင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် တောင်သူများထံသို့ သွင်းအားစုပစ္စည်းများပေးအပ်

ရန်ကုန် ဇူလိုင် ၁၈

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူအစုအဖွဲ့များထံသို့ သွင်းအားစုပစ္စည်းများပေးအပ်ခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစောလှဝင်းအောင်၊ စုစံကုမ္ပဏီနှင့်Green Indo Myanmar ကုမ္ပဏီတို့မှတာဝန်ရှိသူများက အမှာစကားများပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများထံသို့ သွင်းအားစုပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးစပါးစိုက်ဧက ၁၈၀၀ စိုက်ပျိုးသွားကြမည့် စုစုပေါင်းတောင်သူ ၁၀၃ ဦးထံသို့ တစ်ဧက ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ညီမျှသည့်သွင်းအားစုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# တွံ့တေးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

တွံ့တေး ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့်ဟောပြောပွဲကို ဇူလိုင် ၁၆ ရက်က ဘုရားငုတ္တို(တောင်)ကျေးရွာ အမက၌ ကျင်းပသည်။

## ရှင်းလင်းဟောပြော

ဦးစွာ တွံ့တေးမြို့နယ် သစ်တောဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးထွန်းအာကာနှင့်ဝန်ထမ်းများက မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာ နည်းစနစ်များနှင့် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခဲ့သည်။ ယင်းနောက် သစ်တောဆိုင်ရာလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် စိုက်ပျိုးမည့် ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးမှူး ဦးထွန်းအာကာက ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများအား ပျိုးပင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ စုစုပေါင်း ပျိုးပင် ၁၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မျိုးလှိုင်



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကွန်ပျူတာတက္ကသိုလ်(မန္တလေး) မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ မွန်းလွဲပိုင်းက ကွန်ပျူတာတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိပြီး ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မိုးရာသီ အားကစားပြိုင်ပွဲ ဖူဆယ်ဘောလုံး(ကျား)ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအဖြစ် Legend Era အသင်းနှင့် Star Boy အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး Legend Era အသင်းက Star Boy အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက ကြက်တောင်(ကျား)ပြိုင်ပွဲ၊ ကြက်တောင်(မ)ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်(နှစ်ယောက်)ပြိုင်ပွဲ၊ စားပွဲတင် တင်းနစ် (တစ်ဦးချင်း) ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး(မ)ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး(ကျား)ပြိုင်ပွဲတို့တွင် ဆုရရှိသည့် အသင်းများမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်အသင်းများမှ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်စဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်က အားထားရပြီး ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် ဗလငါးတန်နှင့် ပြည့်စုံသော စွမ်းရည်မြင့် IT ပညာရှင်များ ဖြစ်စေရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



○ MFF မှ

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရရှိသော 7 Brother အသင်းကို ဆုဖလားနှင့် ဆုကြေးငွေကျပ်သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရရှိသော အောင်ကောင်းသန့် (7 Brother) အသင်းကို ဆုတံဆိပ်နှင့် ဆုကြေးကျပ်နှစ်သိန်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသော ကောင်းထက်ဇော် (RPG) ကို ဆုတံဆိပ်နှင့် ဆုကြေးကျပ် နှစ်သိန်း၊ တတိယဆုရရှိသော Marga အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော 7 Brother အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၃၀၊ ပထမဆုရရှိသော RPG အသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၅၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲကို အသင်းစုစုပေါင်း ၅၀ ဖြင့် ကျင်းပခဲ့ပြီး ဗိုလ်လုပွဲရောက်ရှိသည့် RPG အသင်းနှင့် 7 Brother အသင်းတို့မှာ လာမည့်ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MFF**

# မအူပင်မြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်တိုက်နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**မအူပင် ဇူလိုင် ၁၈**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် တိုက်နယ်ပေါင်းစုံ အသက် ၂၅နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက အမှတ်(၂) ရပ်ကွက်ရှိမြို့နယ်အားကစားကွင်း အတွင်း၌ ကျင်းပခဲ့သည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ဧရာဝတီ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်အား အလေးပြုကြသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများမှ အားကစားသစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆိုခဲ့ကြသည်။ ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြပြီး အဖွင့်ပွဲစဉ်အဖြစ် ရေလဲတိုက်နယ်အသင်းနှင့် တန်တရာတိုက်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။



**အောင်မြင့်မြတ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ မြန်မာ့ရိုးရာသိုင်းပညာ(အခြေခံ)သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၈**

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ မြန်မာ့ရိုးရာသိုင်းပညာ(အခြေခံ)သင်တန်း အမှတ်စဉ်(၃)ကို ဖွင့်လှစ်ရာ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အဆိုပါ ဒီဂရီကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ (ဌာနမှူး)များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သင်ကြားမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို ကျွမ်းကျင်နည်းပြများဖြင့် ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း ဗီယက်နမ်အသင်းနှင့် သရေကျ

**ရန်ကုန် ဇူလိုင် ၁၈**

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဇူလိုင် ၁၈ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပရာ မြန်မာအသင်း သရေကျခဲ့သည်။

**တစ်ဂိုးစီသရေကျ**

အုပ်စု (ခ) ပထမနေ့တွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း တစ်ဂိုးစီသရေကျခဲ့ပြီး ဩစတြေးလျအသင်းက လာအိုအသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ချေပဂိုးပြန်ပေးခဲ့ရသဖြင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် စွမ်းထက်၊ မင်းမော်ဦး၊ ဝင်းပြည့်မောင်၊ ရှိုင်းဝဏ္ဏအောင်၊ ခန့်ဇင်ဟိန်းစသည့် ကစားသမားများဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းကတည်းက ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၅၉ မိနစ်တွင် ဂိုးစတင်ရရှိခဲ့သည်။ ထောင့်ကန်ဘောမှ ပြန်လျှံကျလာသောဘောလုံးကို ဖြိုးပြည့်စုံက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ဗီယက်နမ်အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၄ မိနစ်တွင် ကွမ်ယုက အဝေးကန်ချက်ဖြင့် ဂိုးပြန်သွင်းခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-၈၆၄/A² ဖြစ်သော အမှတ်(၂၉)၊ ဘုရင့်နောင်(၉)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နှစ် (၆၀) ဂရန်မြေနှင့် တစ်ထပ်အိမ်ကို ဝယ်ယူရန်အတွက် ကန့်ကွက်ရန် ရှိ/မရှိ အများသိစေရန်ကြေညာချက်**

အထက်လိပ်စာပါ နှစ်(၆၀)ဂရန်အမည်ပေါက်ထံမှ S/P အမှတ်-၈၄၇/၂၀၂၃ ဖြင့် ရရှိထားသူ ဒေါ်နှင်းဇော်မြင့်[၁၂/မဂဒ(နိုင်)၀၉၂၂၂၂]နှင့် ဒေါ်အေးအေးမာ[၁၂/သလန(နိုင်)၁၀၀၆၉၆]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်မေသူကျော်[၁၂/သဃက(နိုင်)၁၆၃၆၇၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးထွန်းအေး( B.A, R.L)** | **ဒေါ်ဆွေဆွေညွန့် (LL.B)** | **ဒေါ်စုမြတ်မွန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေကြီး** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၃၃၃၅)** | **(စဉ်-၇၉၇၁)** | **(စဉ်-၁၈၄၃၁)** |

**အမှတ်(၅၈/၆၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၃၇၅၅၇၃၊ ၀၉-၂၅၀၃၇၅၅၇၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၂၂၆)၊ မြေကွက်တည်နေရာအမှတ်-၂၂၆၊ ဇေယျာအေးမြလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးမောင်မောင်ကြည်) (CG- 048949) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်(ဖခင်) ဦးမောင်မောင်ကြည်နှင့် (မိခင်) ဒေါ်ထားကြည်တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးစောလွင်[၁၂/သဃက(နိုင်)၁၀၁၉၂၉]၊ ဒေါ်ကြည်ကြည်မြင့် [၁၂/သဃက(နိုင်)၁၀၂၀၈၉]၊ ဒေါ်ခင်သီတာ [၁၂/သဃက(နိုင်)၁၀၂၀၉၀]၊ ဦးကိုကိုနိုင် [၁၂/တမန(နိုင်)၀၆၀၄၀၀]တို့မှ ၎င်းတို့(၄)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ သားသမီးတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်းနှင့် အခြားကိတ္တိမသားသမီးတစ်ဦးတစ်ယောက်မျှ မကျန်ရှိကြောင်း၊ ၎င်းတို့(၄)ဦးသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်)ဦးမောင်မောင်ကြည်နှင့် (မိခင်)ဒေါ်ထားကြည်တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်၆၀မြေငှား(ဂရန်)မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၂)ဒဂုံရွှေမှူး(၂)လမ်းနှင့် ရွှေဥဒေါင်းလမ်းထောင့်၊မြေကွက်အမှတ်(၉၇၉) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ × ၆၀)ပေ၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိသည့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေကွက်ကို အပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ဖော်ပြပါမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ **SHIV KUMAR** (ခ) ဦးနေဝင်းကို( ၉/ခအဇ(ပြု)၀၀၀၄၅၄ ) ထံမှ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ **ဒေါ်ကြည်သူဇော်**( ၉/ပမန(နိုင်)၁၉၈၄၉၃ )က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို **( ၁၆-၇-၂၀၂၄ )**ရက်နေ့တွင် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ယနေ့ကြေညာသည့်နေ့မှစ၍ **( ၁၀ )**ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်သည်။ ၎င်းနေ့ရက်ကို ကျော်လွန်ပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်သူဇော် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြတ်မင်းသိန်း**(LL.B) | **ဒေါ်သက်သက်ဆွေ**(LL.B) |
| DL.101(IP),WIPO(Switzerland) | DL.101(IP),WIPO(Switzerland) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄ရ၀၃) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၄) |

အမှတ်(၁၁၄၈)၊ယသသဝတီ(၁ရ)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
**Phone no - 09-968245587 , 09-448031054 , 09-764428101.**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၇၂၇)၊ လူနေ အခေါ် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၅)လမ်း၊ အမှတ်(၇၂၇)ဟုခေါ်တွင်သည့် အလျား(၄၄) ပေxအနံ(၆၀)ပေရှိသော ဦးစိုးအောင်[၁၄/မအပ(နိုင်)၀၁၃၈၁၄]နှင့် ဦးကြည်ဝင်း[၁၂/ဥကမ(နိုင်) ၀၅၈၃၁၁]အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်သူများဖြစ်သော ဦးထွန်းနွယ်ဦး[၁၂/ဥကမ(နိုင်)၁၇၃၂၅၅]နှင့် ဒေါ်နွယ်နွယ်ဝင်း [၁၂/ဥကမ(နိုင်) ၁၇၃၂၅၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းအောင် [၁၂/ဥကတ(နိုင်)၁၂၈၆၆၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၂၃၅၄၁၀၊ ၀၉-၉၇၄၆၀၀၈၉၉**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ နယ်မြေ(၁၅)၊ အမှတ်(၈၇၆) နေ မတင်ဇာမြိုင်(ခ) မမေဘယ်(လ်)ဖူးမွန် [၁/မကန(နိုင်)၂၀၄၆၅၆] သည် တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၅-၅-၁၉၉၈ ဖြစ်ပြီး ၎င်း၏ဖခင် ဦးစိန်ရဲမော်(ခ)ရဲနောင် [၆/တသရ(နိုင်)၀၀၂၃၇၇] သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၀/မင်းရဲကျော်စွာ၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀.၀၃၈)ဧကအား ဒေါ်မြင့်မြင့်ကျော် (ဘ) ဦးတင်မောင် နိုင်ငံသားစိစစ်ရေးအမှတ်[၉/ပမန(နိုင်)၀၁၇၇၇၁]မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၉၉/၂၀၂၄)၊ တပ်ကုန်းမြို့နယ် မြေစာရင်း ဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး အဆောက်အဦ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သူရ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၈၁/က)၊ အဆောက်အဦ အမှတ်(၈၁/က)ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း၊ (၆)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၂၀ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးစံဝင်း [၁၂/ဥကတ(နိုင်)၀၂၂၃၉၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ် (၃၇)၊ အနော်ရထာလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၆၃၄၀၅၊**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈၊ လူနေရပ်ကွက်အမှတ်-ပဲမှီကုန်း၊ မြေကွက်အမှတ်-၇၁/က၊ မြေပိုင်မြေ-၃(ခ)၊ ဧရိယာ စတုရန်းပေ (၀.၉၁၆) ကေအနက်မှ တရားဝင်ခွဲခြမ်းစိတ်ဖြာခြင်းမပြုရသေးသော (အလျား ၂၁ x အနံ ၅၀)ပေရှိ မြေ၊ မူလပိုင်ရှင် ဒေါ်ခင်ကြူကြူ [၁၂/အစန(နိုင်) ၁၃၉၄၉၅] နှင့် ဦးကိုကိုနိုင် [၁၂/အစန(နိုင်)၀၄၆၄၈၆] အမည်ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းချုပ်ဆိုပြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကိုကိုနိုင် နှင့် ဒေါ်ခင်ကြူကြူ အမည်ပေါက်ထားသော မြေကွက်ကို ဦးကိုကိုနိုင် (ဘ) ဦးပန်ကာ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၁၉၉/၂၀၂၂) ရရှိသူ ဒေါ်ခင်ကြူကြူ (ဘ) ဦးပန်ကာ ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပြီး အဆောက်အဦဆောက်လုပ်နေထိုင်လျက်ရှိသူ ဒေါ်ကေယဉ်ရွှေ [၄/မတပ (နိုင်) ၀၄၄၅၃၃] က ယခု မြေနှင့်အိမ်ကို မိမိသာလျှင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး အရှုပ်အထွေး ကင်းရှင်းကြောင်း ဝန်ခံပြောဆိုလျက် အပြီးအပိုင်ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူ၍ မြေနှင့်အိမ်၏ တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို (၁၆-၇-၂၀၂၄) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသဖြင့် ယခုအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့ကြော်ငြာစာပါသည့်ရက်ကစပြီး (၁၀) ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း၊ မူရင်းအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ငွန်ဒီဆန်း LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၄၇/၂၀၂၁)**
**အမှတ်-၁၀/၁၂၊ပထမထပ်၊ ၃၅ - လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး Ph: 09- 43200093**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ကွင်းအမှတ်(၆၇၁)၊ ကျောင်းကန်အရှေ့ကွင်း၊ မြေကွက်အမှတ်(၁၉)၊ ဧရိယာ (၀.၀၅၅) ဧက အကျယ်ရှိ ဂရန်အမှုတွဲအမှတ် 2 V/2009-2010 အရ ဦးမိုးလွင်နှင့် ဒေါ်ခင်မြတ်သူ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဂရန်အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသည့် ၁။ ဦးမိုးလွင် (ဘ) ဦးစိန်ပိုင် [၁၂/ကတန(နိုင်)၀၀၇၁၃၀] နှင့် ၂။ ဒေါ်ခင်မြတ်သူ (ဘ) ဦးထွန်းညို [၇/သဝတ(နိုင်)၀၂၅၂၀၅] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးမိုး (ဘ)ဦးစိန်ထွန်း [၉/မကန(နိုင်)၀၇၁၄၁၈] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၈၉၄၉/၂၀၁၃)** | **(စဉ် - ၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၁၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အ.ထ.က (ပမ္မတီး)၊ Grade-12(A) Bio ($E_1$) မှ မမျိုးသိင်္ဂီထက်နှင့် Grade-6(B) မှ မောင်ဇော်လင်းထွန်း တို့၏ဖခင် ဦးရမ်းပရာဆပ် (ခ) ရာမ [၁/မကန(နိုင်)၀၈၁၁၃၀] သည် တစ်ဦးတည်းဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ အဖ ဦးထွန်းအောင်၏သမီး မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်)၀၇၉၃၃၅] ကိုင်ဆောင်သူ ဒေါ်ခင်အေးမြင့် (ခ) ဒေါ်အေးမာလွင်(မြို့နယ်ပညာရေးမှူး)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်အေးမြင့်(ခ)ဒေါ်အေးမာလွင်**

**မိဘမေတ္တာ**
**ဒဂုံမြို့သစ်ဆိပ်ကမ်း အင်ရှုပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**
**09 40 70 80 736**

## ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ အထက်တန်းကျောင်းခွဲ Grade-10 တွင် ပညာသင်ကြားနေသော မဝင်းဝင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဟန်ဇော်ထွန်း [၁၂/ခရန(နိုင်)၁၁၁၉၀၄] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈ သမိုင်း၊ မြေကွက်အမှတ်-၁၀/ည၊ ဧရိယာ ၀.၁၄၇ ဧက၊ မြေကွက်တည်နေရာအမှတ်(၂၆)၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၂)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးတင်လှ၊ ဒေါ်ညွှန့်ညွှန့် အမည်ပေါက် B(လယ်ယာစိုက်ပျိုးမှုမှအပ အခြားကိစ္စအသုံးပြုရန်)မြေအား အမည်ပေါက် အဘိုးဖြစ်သူ ဦးတင်လှသည် ၂၂-၄-၂၀၀၄ ရက်နေ့တွင်လည်းကောင်း၊ အဘွားဖြစ်သူ ဒေါ်ညွှန့်ညွှန့်သည် ၇-၇-၁၉၉၅ ရက်နေ့တွင် လည်းကောင်း၊ တစ်ဦးတည်းသော သားဖြစ်သူ ဖခင်ဦးကျော်ကျော်ဟိုးသည် ၁၅-၁၁-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်အင်နီသိန်း(ခ)ဒေါ်ရီရီသိန်းသည် ၁၄-၇-၂၀၁၀ ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့်မြေးဖြစ်သူ ဦးတေဇထိုက် တစ်ဦးတည်းသော တရားဝင်မြေးဖြစ်ကြောင်း၊ အခြားသော သားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစား အမွေခံကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အဘိုးအဘွား နှင့် မိဘများ အသီးသီး ကွယ်လွန်ကြပြီးနောက် မြေအမည်ပေါက်တို့၏ မြေးအရင်းတော်စပ်သူ ဦးတေဇထိုက် တစ်ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံး ကျမ်းကျိန်လွှာအမှတ်-၂၀၄၅/၂၀၂၃ (၄-၁၂-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း အမည်ပေါက်စာချုပ် နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၆၅၊ ဧရိယာ(၀.၁၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၁/၆၅)သပြေလမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)[၁၂/လကန(နိုင်)၀၆၃၄၅၆]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)[၁၂/လကန(နိုင်)၀၆၃၄၅၆]ခင်ပွန်းဖြစ်သူသည်(၉-၅-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်လေး[၁၂/လကန(နိုင်) ၀၂၅၂၅၇]မှ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးကြည်အောင်ကွယ်လွန်ချိန်တွင် တရားဝင်ဆက်ခံသူအဖြစ် ဇနီးဖြစ်သူ ဒေါ်ခင်ခင်လေးသာလျှင် ကျန်ရှိပြီး အခြားဇနီးနှင့် အမွေစားအမွေခံကိတ္တိမသား၊ သမီးများ လုံးဝမရှိပါ။ ခင်ပွန်းကွယ်လွန်ချိန်တွင် ခင်ပွန်းပိုင်ဆိုင်သော ပစ္စည်းအရပ်ရပ်ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း ကျောက်တံတားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၄၇၃/၂၀၂၄(၂၄-၅-၂၄)အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ (Tamarind Garden)၊ မြေကွက်အမှတ်(၃၉)၊ ဧရိယာ (၀.၅၉၆) ဧက နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဦးညိုမင်းဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ချိုရွှင်ချမ်း [၁၃/ကခန(နိုင်)၁၀၉၈၃၃] မှ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၇၂၄/၂၀၂၂၊ နေ့စွဲ(၂၂-၁၁-၂၀၂၂)နှင့် ကျမ်းကျိန်လွှာအမှတ်စဉ် (၂၁၉၄/၂၀၂၄)၊ နေ့စွဲ (၁၈-၇-၂၀၂၄) တို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

**ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးမှ တရားမကြီးမှုအမှတ်-၁၂၉/၂၀၁၈ အမှုမှပေါ်ပေါက်လာသည့် အနုညာတခုံရုံးအမှုအမှတ်-၁၉၀၁/၂၀၂၀ နှင့် ဆက်နွှယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၉၈**

| | |
|---|---|
| တော်ဝင်မိသားစုဆောက်လုပ်ရေး နှင့် ကုမ္ပဏီလီမိတက်(၎င်း၏ဥက္ကဋ္ဌ ဒေါ်အေးအေးသန်း) | ၁။ အင်နိုနိုင်ငံတကာဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီလီမိတက် ၂။ ရှင်ဒုံအ အထွေထွေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် |
| **(တရားနိုင်)** | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်၊ ရွှေမန်းသူမော်တော်ယာဉ်ဝင်းနေ (ယခုနေရပ်လိပ်စာမသိ) သူ အမှတ်(၂)တရားရှုံးများဖြစ်သော ရှင်ဒုံအ အထွေထွေဆောက်လုပ်ရေးကုမ္ပဏီ သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားရုံးမှ တရားမကြီးမှုအမှတ်-၁၂၉/၂၀၁၈ အမှုမှပေါ်ပေါက်လာသည့် အနုညာတခုံရုံးအမှုအမှတ်-၁၉၀၁/၂၀၂၀ တွင် ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ-၂၊ လူနေရပ်ကွက်အမှတ်-၇၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်-၉၄၇၊ အကျယ်ပေ (၄၀x၆၀)ရှိ ကိုစိုးမြင့် အမည်ပေါက်မြေချပါမစ်ထွက်ရှိထားသော မြေကွက်ကြီးအနက်မှ မခွဲမစိတ်ရသေးသော အကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အမှတ်-၉၄၇(က) မြေကွက်အစိတ်အပိုင်း ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်အစိတ်အပိုင်းအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးမြစိန်[၁၂/ထတပ(နိုင်)၀၇၃၅၅၄]မှ ပါမစ်မူရင်းမှာ မြေကွက်အမှတ်-၉၄၇(ခ) မြေကွက်အစိတ်အပိုင်းပိုင်ဆိုင်သူ၏လက်ဝယ်၌ရှိကြောင်းဝန်ခံ၍ ပါမစ်မိတ္တူအား ပိုင်ဆိုင်မှုအထောက်အထားအဖြစ် ပေးအပ်၍ရောင်းချခြင်းအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်သိန်းနှင့် ဒေါ်နော်ဇာထူးတို့မှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက် အစိတ်အပိုင်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **၁။ ဒေါ်ခင်သိန်း** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၁/တကန(နိုင်)၀၀၈၃၉၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **၂။ ဒေါ်နော်ဇာထူး** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **[၁၁/တကန(နိုင်)၀၆၀၂၈၈]** | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

